# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)


၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ သောကြာနေ့။ Friday, 26 December 2025 ၁၂၀၄၃


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၃ ) ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၇၀ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လ ၂၅ ရက်)

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့်လည်းကောင်း၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့်လည်းကောင်း သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်သည့် မြို့နယ် (၆၃) မြို့နယ်အား တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပူးတွဲပါဇယားအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

ပူးတွဲ။ အပိုင်း (၃) တွင်ပါဝင်သည့် မြို့နယ်များစာရင်း

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ


**ဆယ်စုနှစ်များစွာ ရပ်တန့်နေသော ဆက်ဆံရေးကို ပြန်လည်သတ်မှတ်ရန် အမေရိကန်နိုင်ငံကို အခွင့်အရေးပေးသည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲများ**

ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံတကာ "ကျွမ်းကျင်သူ" ဆိုတဲ့သူတွေ မြန်မာ့အကြောင်း ဘယ်လိုထပ်ပြီး အကဲဖြတ်လွဲနေကြပြန်ပြီလဲ**

ဆောင်းပါး စာမျက်နှာ » ၉


## ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇီ ဘာရှန် ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ



ရန်ကုန် ဒီဇင်ဘာ ၂၅

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များက လာရောက်လေ့လာကြမည်ဖြစ်ပြီး ယမန်နေ့ညပိုင်းက ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ **မစ္စတာ အလက်ဇီ ဘာရှန်** ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ၊ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။ (ယာပုံ) သတင်းစဉ်



ကြေးမုံ

# အစဉ်အလာကောင်းများကိုထိန်းသိမ်း တပ်မတော်၏စွမ်းပကားကိုမြှင့်တင်

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပိုင်နက်နယ်မြေကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ ရေပြင်ကာကွယ်ရေးစွမ်းပကား၏အရေးပါမှုကို သမိုင်းကြောင်းတစ်လျှောက်တွင် တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ သမိုင်းကြောင်း၌ ကိုလိုနီနယ်ချဲ့တို့က ရေကြောင်းစွမ်းပကားကို အဓိကအသုံးပြုပြီး ကျူးကျော်နယ်ချဲ့သိမ်းပိုက်ခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်ရန်အတွက် စစ်ပွဲသုံးလီဆင်နွှဲခဲ့ရာတွင် ရေကြောင်းစစ်ဆင်ရေးဖြင့် အသာစီးယူခဲ့သည်ကို သင်ခန်းစာယူဖွယ်တွေ့ရသည်။

မျက်မှောက်ကာလတွင် နိုင်ငံအများစုသည် သမားရိုးကျခြိမ်းခြောက်မှုများအပြင် သမားရိုးကျမဟုတ်သော ပင်လယ်ဓားပြမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုမှု စသည့်ရေကြောင်းဆိုင်ရာလုံခြုံမှုနှင့် ခြိမ်းခြောက်မှုများကို ဖြေရှင်းနေရသည်။ ခြိမ်းခြောက်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ခေတ်မီပြီး အင်အားတောင့်တင်းခိုင်မာသည့် ရေတပ်ရှိရန်လိုအပ်သည်။ သို့မှသာ မိမိတို့၏ပိုင်နက်နယ်မြေ၊ ပင်လယ်သီးသန့်စီးပွားရေးဇုန်၊ ကမ်းရိုးတန်းဒေသများနှင့် တစ်နိုင်ငံလုံးကိုပင် ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။ နိုင်ငံ၏ ရေကြောင်းဆိုင်ရာအကျိုးစီးပွားများကို အပြည်ပြည်ဆိုင်ရာပင်လယ်ပြင်ဥပဒေနှင့်အညီ အပြည့်အဝထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေကြောင်းအကျိုးစီးပွားများသည် ပိုင်နက်ပင်လယ်ပြင်၌သာမကဘဲ သီးသန့်စီးပွားရေးဇုန်ဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင်အထိ ကျယ်ပြန့်စွာတည်ရှိနေသဖြင့် တပ်မတော်(ရေ)အနေဖြင့် လွှမ်းခြုံကာကွယ်ပေးနိုင်ရန် လိုအပ်သည်။ ထို့အပြင် ပင်လယ်ပြင်နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံရေတပ်များနှင့်ယှဉ်ပြိုင်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားပြီး တိုက်စွမ်းအားကောင်းသည့် စစ်ရေယာဉ်များကို အမျိုးအစားအစုံ အချိုးကျကျဖွဲ့စည်းထားရန်လိုအပ်သည်။ တပ်မတော်ရေကို တိုက်ပွဲဝင်အသင့်ဖြစ်စေရန်အတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့်လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဆိုသည့် အသင့်ဖြစ်မှု (၃) ရပ်နှင့်ပြည့်စုံအောင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တပ်မတော်(ရေ)ဖွဲ့စည်းတည်ထောင်မှု (၇၈)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က “တပ်မတော်(ရေ)၏ ကဏ္ဍကြီး (၄) ရပ်ကို ထမ်းဆောင်ရာတွင် စစ်ရေးကဏ္ဍအနေဖြင့် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား ဟန်ချက်ညီတိုးတက်မှသာ တိုက်ပွဲဝင်အသင့်ဖြစ်သည့်တပ်ဖွဲ့တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ တိုက်စွမ်းအားရရှိရန်အတွက် စစ်ဆင်မှုနယ်ပယ် (၄) ရပ်တွင် စစ်ဆင်နိုင်မည့်ခေတ်မီ Platform များ၊ စွမ်းရည်မြင့်လက်နက်နှင့်လက်နက်စနစ်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ကိရိယာများကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယနေ့အချိန်တွင် ရေပြင်သွားစစ်ရေယာဉ်ကြီးများသာမက ရေငုပ်သင်္ဘောများကိုပါ ရရှိပိုင်ဆိုင်လာခဲ့ပြီး သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ်အဖြစ် ရောက်ရှိနေပြီဖြစ်ကြောင်း” ပြောကြားခဲ့သည်။

စစ်ရေယာဉ်များကို တည်ဆောက်တပ်တော်ဝင်သည့်နေရာတွင် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိရန် ဖရီးဂိတ်စစ်ရေယာဉ်မှအစ မြစ်တွင်းအမြန်သွားတိုက်ရေယာဉ်များအဆုံး၊ အထောက်အကူပြုရေယာဉ်များပါမကျန် အမျိုးအစားစုံလင်စွာ ဖြည့်ဆည်းပေးလျက်ရှိသည်။ တပ်မတော်(ရေ)သည် အရွယ်အစားကြီးမားသည့် ဖရီးဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင် ကိုယ်တိုင်တည်ဆောက်တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာ ဖြစ်စေခဲ့သည်။ မြန်မာ့ရေပြင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့သည်။ “ရေတပ်၏တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်” ဆိုသည်နှင့်အညီ ခေတ်မီစစ်ရေယာဉ်များသာမက မြစ်တွင်းသွားဘက်စုံသုံး စစ်ရေယာဉ်များကိုပါ ကိုယ်တိုင်တည်ဆောက်နိုင်ခဲ့သည်။

ဖရီးဂိတ်စစ်ရေယာဉ်ကြီးများကို ကိုယ်တိုင်တည်ဆောက် အသုံးပြုနိုင်သည့်အတွက် ရေပြင်စစ်ဆင်ရေး၊ ဝေဟင်စစ်ဆင်ရေး၊ ရေအောက်စစ်ဆင်ရေး၊ အီလက်ထရောနစ်စစ်ဆင်ရေးစသည့် စစ်ဆင်မှုနယ်ပယ် (၄) ရပ်စလုံးတွင် တိုက်ပွဲဝင်နိုင်စွမ်းရှိသဖြင့် နောင်တွင် ရေတပ်၏အခန်းကဏ္ဍကြီး (၄) ရပ်ဖြစ်သည့် စစ်ရေးကဏ္ဍ၊ သံတမန်ရေးရာကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍနှင့် စာနာအကူအညီပေးရေးကဏ္ဍများကိုလည်း ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ရေကြောင်းစစ်ဆင်ရေးသည် ဘက်စုံအသွင်ဆောင်သည့် သဘောသဘာဝရှိပြီး မျက်မှောက်ခေတ်ရေကြောင်းစစ်ဆင်ရေးကဏ္ဍကို ထိရောက်အောင်မြင်စွာ စစ်ဆင်နိုင်ရန် အသင့်ဖြစ်မှု ၃ ရပ်နှင့် ဟန်ချက်ညီညီ ပေါင်းစပ်စစ်ဆင်ရန်လိုအပ်သည်။

သို့ဖြစ်ရာ ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတော်တည်ရှိရမည်၊ မြန်မာနိုင်ငံတော်တည်ရှိနေသရွေ့ မြန်မာ့တပ်မတော်တည်ရှိရမည်၊ မြန်မာ့တပ်မတော် တည်ရှိနေသရွေ့ တပ်မတော်(ရေ)လည်းတည်ရှိရမည်။ တပ်မတော်(ရေ) အနေဖြင့် ရှိပြီးဖြစ်သည့် ကောင်းမွန်သောအစဉ်အလာများကို စဉ်ဆက်မပြတ်ဆက်လက်ထိန်းသိမ်းလက်ဆင့်ကမ်းကာ တပ်မတော်(ရေ)နှင့်တပ်မတော်၏ဂုဏ်ကို ထိန်းသိမ်းမြှင့်တင်သွားမည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၉-၁၂-၂၀၂၅ ရက်နေ့မှ ၃၁-၃-၂၀၂၆ ရက်နေ့ထိ လည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၄-၂-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့ထိ လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## အလုံမြို့နယ်၌ အခွန်ဆိုင်ရာအကြောင်း အသိပညာပေး ဆွေးနွေးပွဲကျင်းပ

အလုံ ဒီဇင်ဘာ ၂၅

အလုံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာအကြောင်း အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။



ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်အုန်းက အခွန်ထမ်းပြည်သူများအား သိသင့်သိထိုက်သော လုပ်ငန်းမှတ်ပုံတင်ခြင်း၊ နှစ်ချုပ်ကြေညာလွှာများတင်သွင်းခြင်း၊ ကြိုတင်ခွန်များပေးဆောင်ရမည့်အချိန်ကာလများ၊ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည့် အချိန်ကာလများ၊ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသည့် လုပ်ငန်းများအားလုံး အခွန်အမှတ်တံဆိပ် အပြည့်အဝ ကပ်နှိပ်ရောင်းချကြရန်နှင့် ပျက်ကွက်ပါက ကျသင့်မည့် ဒဏ်ငွေများအပြင် အခြားသိသင့်သိထိုက်သည်များကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး၊ မိတ်ဖက်ဌာနဆိုင်ရာများနှင့် အခွန်ထမ်းပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ၂၅ - ၁၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း** | - | စိုးအောင်၊ ခင်မို့မို့အောင်၊ |
| **ခေတ္တ စာတည်းမှူး** | - | အေဝမ်းစိုး | **သတင်းထောက်များ** | | ခင်မျိုးနိုင်၊ မာမာစိုး၊ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ | | | ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| | | ယုဝါဝါ၊ သီသီမင်း၊ | **အငယ်တန်း** | - | အောင်ကျော်ဦး၊ သန်းတင်အောင် |
| | | ဟိန်းထက်လင်း၊ သက်ထွေး၊ | **သတင်းထောက်များ** | | ခင်သက်မွန်၊ မြသီတာ |
| | | စန်းယဉ်ဦ၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | စိုးသူရ | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**တိုင်းသူပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ပြည်ထောင်စုနယ်မြေအတွင်း မဲရုံများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုနယ်မြေ(တာဝန်ခံ) ဦးမျိုးလှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေအတွင်း မဲရုံများဖွင့်လှစ်ဆောင်ရွက်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့၌ မဲရုံများဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မဲရုံတာဝန်ရှိသူများက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံများ၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုမဲပေးရာတွင် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါက နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေး၊ မဲရုံတွင် လိုအပ်ချက်များမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်နှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



☆ ရှေ့ဖုံးမှ

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပူးတွဲ အပိုင်း ( ၃ ) တွင် ပါဝင်သည့် မြို့နယ်များစာရင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်သည့်မြို့နယ်များ | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | ၁။ ဗန်းမော်<br>၂။ မံစီ<br>၃။ မိုးမောက်<br>၄။ ဖားကန့်<br>၅။ ရွှေကူ | |
| ၂ | ကရင် | ၁။ ကော့ကရိတ်<br>၂။ ကြာအင်းဆိပ်ကြီး | |
| ၃ | စစ်ကိုင်း | ၁။ ကနီ<br>၂။ ဆားလင်းကြီး | |
| ၄ | တနင်္သာရီ | ၁။ လောင်းလုံး<br>၂။ သရက်ချောင်း<br>၃။ ပုလော | |
| ၅ | ပဲခူး | ၁။ ကျောက်ကြီး<br>၂။ ကျောက်တံခါး<br>၃။ ဖြူး<br>၄။ အုတ်တွင်း<br>၅။ သဲကုန်း<br>၆။ ဝေါ<br>၇။ ကြို့ပင်ကောက်<br>၈။ အုတ်ဖို | |
| ၆ | မန္တလေး | ၁။ မြစ်သား<br>၂။ ချမ်းမြသာစည်<br>၃။ မလှိုင်<br>၄။ တောင်သာ<br>၅။ မြင်းခြံ<br>၆။ ငါန်းဇွန်<br>၇။ သပိတ်ကျင်း<br>၈။ ပုသိမ်ကြီး | |
| ၇ | ရန်ကုန် | ၁။ ဒဂုံ<br>၂။ လမ်းမတော်<br>၃။ ဆိပ်ကြီး/ခနောင်တို<br>၄။ ဒလ<br>၅။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)<br>၆။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)<br>၇။ မင်္ဂလာတောင်ညွန့်<br>၈။ သာကေတ<br>၉။ မြောက်ဥက္ကလာပ<br>၁၀။ တာမွေ<br>၁၁။ ရန်ကင်း<br>၁၂။ ကျောက်တန်း<br>၁၃။ ခရမ်း<br>၁၄။ သုံးခွ<br>၁၅။ စမ်းချောင်း<br>၁၆။ လှိုင်သာယာ(အနောက်ပိုင်း)<br>၁၇။ လှိုင်သာယာ(အရှေ့ပိုင်း) | |
| ၈ | ရှမ်း | ၁။ မက်မန်း<br>၂။ ပင်လောင်း<br>၃။ ညောင်ရွှေ<br>၄။ ဖယ်ခုံ<br>၅။ မိုးနဲ<br>၆။ ကျေးသီး<br>၇။ မိုင်းရှူး<br>၈။ သီပေါ<br>၉။ ကျောက်မဲ | |
| ၉ | ဧရာဝတီ | ၁။ ရေကြည်<br>၂။ ငပုတော<br>၃။ ဒေးဒရဲ<br>၄။ ညောင်တုန်း<br>၅။ ဓနုဖြူ<br>၆။ အင်္ဂပူ<br>၇။ မော်လမြိုင်ကျွန်း<br>၈။ ဇလွန်<br>၉။ လေးမျက်နှာ | |

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ပြင်ဦးလွင်-ဂုတ်ထိပ်ရထားလမ်းပိုင်းနှင့် ရှေးဟောင်းသမိုင်းဝင် ဂုတ်ထိပ်တံတားကြံ့ခိုင်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် RBE ရထားဖြင့် ပြင်ဦးလွင်- ဂုတ်ထိပ်ကြားရှိ ရထားလမ်းပိုင်းနှင့် ရှေးဟောင်းသမိုင်းဝင် ဂုတ်ထိပ်တံတားကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် RBE ရထားဖြင့် ပြင်ဦးလွင်- ဂုတ်ထိပ်ရထားလမ်းပိုင်း အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းအတွင်းရှိ ရထားလမ်းနှင့်တံတားများ ကြံ့ခိုင်မှုရှိစေရေး၊ ဘူတာများသန့်ရှင်းသာယာလှပစေရေးနှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဂုတ်ထိပ်တံတားထိပ်သို့ရောက်ရှိရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်ဖြစ်သည့် ဂုတ်ထိပ်တံတား၏ထောက်တိုင်အောက်ခြေများ ကြံ့ခိုင်ရေး ဆောင်ရွက်ထားမှု၊ ပြင်ဦးလွင်-ဂုတ်ထိပ်-ကျောက်မဲ-သီပေါလမ်းပိုင်းအား တောချုံခုတ်ခြင်း၊ လမ်းပိုင်း ပြုပြင်ခြင်း ဆောင်ရွက်ပြီးစီးမှုနှင့် တံတားဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သစ်သား ဇလီဖားတုံးများအစား ပိုလီဖိုက်ဘာပလပ်စတစ်ဇလီဖားတုံးများဖြင့် လဲလှယ်တပ်ဆင်ရမည့်အခြေအနေ၊ သံလမ်းဆက် Bolt and Nut များ၊ သံလမ်းထိန်း ကလစ်များအား နေ့စဉ်ကြံ့ခိုင်ရေးစစ်ဆေးရန်၊ တံတား ကြံ့ခိုင်ရေးအတွက် မီးရထားဌာန လမ်းတံတား အင်ဂျင်နီယာများက သုံးလတစ်ကြိမ်စစ်ဆေးပြီး ပြင်ဆင်ဆောင်ရွက်ရန်များရှိက ချက်ချင်းပြင်ဆင် ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် RBE ရထားဖြင့် ခရီးသွားပြည်သူများ သဘာဝ ပတ်ဝန်းကျင်အလှအပများနှင့် ဂုတ်ထိပ်တံတားကို ရှုမြင်နိုင်သောရှုမျှော်ခင်းကြည့်နေရာသို့ သွားရောက်၍ လာရောက်လည်ပတ်ကြသည့် ခရီးသွားပြည်သူ များ သဘာဝရှုခင်းများကို အဆင်ပြေစွာကြည့်ရှုနိုင် ရေး ရှုမျှော်ခင်းကြည့်နေရာကို စနစ်တကျဆောင်ရွက် ပေးရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ၂၃၀ ကေဗွီ လှိုင်သာယာပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၄) လမ်းမကို (၈)လမ်းသွား လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်တိုးချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းနယ်နှင့် မလွတ်ကင်းသော ဓာတ်အားလိုင်းများ လမ်းမကြီးနှင့် လွတ်ကင်းရာသို့ ပြောင်းရွှေ့တည်ဆောက်ခြင်း ဆောင်ရွက်ပြီးစီးနေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွှေပြည်သာမြို့နယ်သို့ ရောက်ရှိရာ အမှတ်(၄) လမ်းမကို (၈) လမ်းသွား လမ်းမကြီးအဖြစ် အဆင့်မြှင့်တင် တိုးချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းနယ်နှင့် မလွတ်ကင်းသော ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများကို လမ်းမကြီး နှင့်လွတ်ကင်းရာသို့ ပြောင်းရွှေ့ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဒညင်းကုန်းလမ်းဆုံ မီးရထား သံလမ်းအနီးရှိ ၆၆ ကေဗွီ လှော်ကား-ရွာမသံမဏိဓာတ်အား လိုင်းတိုင်များ ပြောင်းရွှေ့ တည်ဆောက်နေမှု၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အနော်ရထာလမ်းမှ ရန်ကုန် အနောက်ပိုင်း နည်းပညာ တက္ကသိုလ်လမ်းအဝိုင်း အထိ ရေဝတီလမ်း တစ်လျှောက် ဆက်သွယ်ရေး ဖိုက်ဘာကေဘယ် လိုင်းများ ပြောင်းရွှေ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု၊ အနော်ရထာ စက်မှုဇုန် ရေဝတီလမ်းမကြီး ပေါ်ရှိရှုပ်ထွေးဓာတ်အားလိုင်းကြိုး များ ရှင်းလင်းပြီးစီးမှုအခြေအနေ တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျန်ရှိသည့် ဓာတ်အားလိုင်းများ ဖြုတ်သိမ်းခြင်းနှင့် ရွှေ့ပြောင်း တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အချိန်မီ ပြီးစီးနိုင်ရေး စနစ်တကျဆောင် ရွက်သွားရန်၊ ဓာတ်အားလိုင်း အဟောင်း ပြန်လည်ဖြုတ်သိမ်း ခြင်းမှ ဆယ်တင်ပစ္စည်းများကို စနစ်တကျစာရင်းပြုစုသိမ်းဆည်း ထားရှိရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာ မြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီး ဌာန ၂၃၀ ကေဗွီ လှိုင်သာယာ ပင်မ ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Switch Yard အတွင်း ဓာတ်အား လိုင်းများနှင့် ထရန်စဖော်မာများ ၏ ဓာတ်အားထိန်းညှိဖြန့်ဖြူးပေး ထားမှုအခြေအနေ၊ လှိုင်သာယာ စက်မှုဇုန်သို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနေမှုနှင့် ဓာတ်အား ထိန်းချုပ်ခန်းအတွင်း ဓာတ်အား လက်ခံပို့လွှတ်ထားမှုအခြေအနေ ကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက်ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့အား ဓာတ်အားခွဲရုံအစည်း အဝေးခန်းမတွင် တာဝန်ရှိသူများ က ဓာတ်အားခွဲရုံဆိုင်ရာ အချက် အလက်များ၊ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးမှုဆိုင်ရာ အချက်အလက် များနှင့် လှိုင်သာယာစက်မှုဇုန်သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေ မှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ဝန်ကြီးက လှိုင်သာယာ ပင်မဓာတ်အားခွဲရုံ သည် အများပြည်သူနှင့် လှိုင်သာယာစက်မှုဇုန်သို့ဓာတ်အား ပို့လွှတ် ဖြန့်ဖြူးပေးနေသည့် ဓာတ်အားခွဲရုံကြီး ဖြစ်ပြီး ဓာတ်အား စဉ်ဆက်မပြတ်ပို့လွှတ် ဖြန့်ဖြူးပေးနေသည့် အတွက် ဓာတ်အားခွဲရုံရှိ ဓာတ်အားလွှတ် ပစ္စည်းများ ချို့ယွင်းမှုဖြစ်၍ ဓာတ်အားပြတ်တောက်ရခြင်းမျိုး မဖြစ်ပေါ်စေရန်အတွက် ဓာတ်အား ခွဲရုံသုံးလျှပ်စစ်ပစ္စည်းများ၊ ထရန် စဖော်မာများနှင့် ဓာတ်အားလိုင်း များ အစဉ်အမြဲကြံ့ခိုင်ကောင်းမွန် နေစေရန် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို စနစ်တကျ ပုံမှန် စစ်ဆေး ဆောင်ရွက်သွားရန်၊ ဓာတ်အားခွဲရုံ အတွင်း/အပြင် သန့်ရှင်းသာယာလှပရေး ဆောင် ရွက်သွားရန်၊ ဝန်ထမ်းများ သက်သာချောင်ချိရေး ဓာတ်အား ခွဲရုံ မြေနေရာလွတ်များတွင် သီးပင်၊ စားပင်များ စိုက်ပျိုးသွား ရန်၊ ဝန်ထမ်းအိမ်ရာများ ပျက်စီးမှု မရှိစေရေး စနစ်တကျထိန်းသိမ်း ပြုပြင် ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသပ်ရပ်စွာ နေထိုင်သွား ရန်၊ ဝန်ထမ်းများ ငွေကြေးသုံးစွဲမှု ကို ခြိုးခြံချွေတာသုံးစွဲသွားရန်၊ လျှပ်စစ်မီးနှင့် ရေသုံးစွဲမှုကိုလည်း ချွေတာသုံးစွဲသွားရန်၊ ယခု ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက် ပွဲကြီး ကျင်းပမည်ဖြစ်၍ ဝန်ထမ်း များနှင့် ဝန်ထမ်းမိသားစုများမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး အပြည့်အဝမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားရန်နှင့် မိမိ တို့ဒေသ၊ မိမိတို့မြို့နယ်၊ မိမိတို့ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည့် ပုဂ္ဂိုလ် များကို ရွေးချယ်မဲပေးသွားရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား လက်ခံတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ ( MISIS )ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲ ကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇီ ဘာရှန် ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာ ရေးအဖွဲ့အား ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မဟာဗျူဟာ နှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ယနေ့လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရွေးကောက်ပွဲဆိုင်ရာအချက် အလက်နှင့် လုပ်ငန်းစဉ်များ၊ အနာဂတ်တွင် ပေါ်ပေါက်လာမည့်လွှတ်တော်နှင့် ဘယ်လာရုစ် လွှတ်တော်တို့အကြား ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဘယ်လာရုစ်ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး အဖွဲ့၏ လာရောက်တွေ့ဆုံမှုသည် MISIS နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ သက်ဆိုင်ရာအဖွဲ့အစည်း များအကြား အပြန်အလှန်နားလည်မှုကို ပိုမိုခိုင်မာ စေပြီး အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှု တစ်ရပ်ဖြစ်သည်။



မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင် သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုပြီး သာသနိကအဆောက်အအုံ များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၂**

**ရက်**

**သာ လိုတော့သည်။**

## တောင်ကြီးမြို့ရှိ ရပ်ကွက်များ၌ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၅

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ် လွှတ်တော်ခန်းမဆောင်၌ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် များမှ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) စက်များလာရောက်ထုတ်ယူမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှု**

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက်၊ ချမ်းမြသာစည် ရပ်ကွက်၊ ရေအေးကွင်းရပ်ကွက်တို့၌ ယနေ့နံနက် ပိုင်းတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ များ၊ ရပ်ကွက်များရှိ မဲဆန္ဒရှင်များက မိမိမဲစာရင်း များ လာရောက်ကြည့်ရှုနေမှု အခြေအနေများ၊ လုံခြုံ ရေးဆိုင်ရာကိစ္စရပ်တို့နှင့် ပတ်သက်၍ သွားရောက် ကြည့်ရှုကြရာ မဲရုံတာဝန်ရှိသူများက ရှင်းလင်း တင်ပြပြီး ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

❐

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော် ပူတာအိုခရိုင်အတွင်း မဲရုံခင်းကျင်းပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် တတိယအကြိမ် အတည်ပြုပြီးမဲစာရင်းများ ကပ်ထားကြေညာမှုများ ကွင်းဆင်းစစ်ဆေး

ပူတာအို ဒီဇင်ဘာ ၂၅

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ် တာဝန်ခံ ဦးခင်ဇော်သည် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးဒိန်ရထင်ဖေး၊ ဦးသိန်းစိုးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပူတာအိုခရိုင် အတွင်းရှိ ပူတာအို၊ မချမ်းဘော မြို့နယ်များ၌ မဲရုံခင်းကျင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ နှင့် တတိယအကြိမ်အတည်ပြုပြီး မဲစာရင်းများ ကပ်ထားကြေညာ ထားရှိမှုများကို ကွင်းဆင်းစစ်ဆေး သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်အဖွဲ့ဝင်သည် ပူတာအို မြို့နယ် ဆာရ်ခွမ်ဒမ်းကျေးရွာ အုပ်စု ထဝါဒမ်းကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်းခွဲ မဲရုံ အမှတ်(၂)၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း (၁)အတွက် မဲရုံအတွင်း ခင်းကျင်းပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း (၂)အတွက် မချမ်းဘောမြို့နယ် ထရန်ဒမ်း ကျေးရွာ အခြေခံပညာ အထက်



တန်းကျောင်း မဲရုံအမှတ် (၂)တွင် မဲရုံအတွင်း ခင်းကျင်းပြင်ဆင် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး မဲရုံတာဝန်ကျ မဲရုံမှူး နှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အပိုင်းလိုက် ကျင်းပ သွားမည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြ ရေး မှာကြားသည်။

ဆက်လက်၍ ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ကောင်းမှုလုံ ကျေးရွာအုပ်စု ငွါးဇာခါးကျေးရွာ ရွယ်ချီဘက်စုံသုံး ခန်းမနှင့် ထရန်ဒမ်းကျေးရွာ နမ်ဆာရ် ဘက်စုံသုံးခန်းမတို့၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက် ရွေးကောက်ပွဲ အပိုင်း(၂)အတွက် တတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာ ထားရှိမှုများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး မဲဆန္ဒရှင်ပြည်သူများ နှင့် တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်း မုံရွာမြို့၌ ပြည်ပမှပြန်လည်ပေးပို့လာသည့် ကြိုတင်မဲများဖွင့်ဖောက်မှု ကြည့်ရှုစစ်ဆေး




မုံရွာ ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြည်ပမှ ပေးပို့လာသော ကြိုတင်မဲများ ဖွင့်ဖောက်မှုကို ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း ဒေသကြီး ရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ) ဦးမြင့်သိန်းနှင့် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပါတီကိုယ်စားပြုကိုယ်စားလှယ်များ တက်ရောက်ကြ သည်။


ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (တိုင်းဒေသကြီး တာဝန်ခံ) ဦးမြင့်သိန်းက မကြာမီ ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြည်ပသို့ ရောက်ရှိနေသည့် မဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသား များအနေဖြင့် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ကြိုတင်မဲများကို သံရုံးများမှတစ်ဆင့် ပေးပို့ခဲ့ပါ ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ဆန္ဒပြုထား သည့် ကြိုတင်မဲများကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးပို့ လာပါကြောင်း၊ အဆိုပါပေးပို့လာသည့် ကြိုတင်မဲများ ကို ယခုတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပါတီကိုယ်စားလှယ်များရှေ့တွင် ဖွင့်ဖောက်ရေတွက်ကြမည်ဖြစ်ကြောင်း ပြောကြား ပါသည်။

ထို့နောက် တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ပယ်မဲဖြစ်ရသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ကြိုတင်မဲများကို ပါတီကိုယ်စား လှယ်များရှေ့တွင် ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက် ရေတွက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဆယ်စုနှစ်များစွာ ရပ်တန့်နေသောဆက်ဆံရေးကို ပြန်လည်သတ်မှတ်ရန် အမေရိကန်နိုင်ငံကို အခွင့်အရေးပေးသည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲများ

## မြန်မာ့ရွေးကောက်ပွဲများ - အရှေ့တောင်အာရှရှိ အမေရိကန်၏ မူဝါဒကို ပြန်လည်ချိန်ညှိခြင်းလား

## (Myanmar Elections: U.S. Policy Reset in Southeast Asia?)


NOW READING: MYANMAR ELECTIONS: U.S. POLICY RESET IN SOUTHEAST ASIA?

# Myanmar Elections: U.S. Policy Reset in Southeast Asia?

By Joe Buccino
December 22, 2025

The Trump administration's recent termination of Temporary Protected Status for Burmese nationals, citing Myanmar's progress in governance and stability, signals a potential shift in U.S.-Myanmar relations. With Myanmar's first national elections scheduled for later this month, Washington has an opportunity to recalibrate a relationship that has stagnated for decades—with implications for U.S. strategic positioning across Southeast Asia.

### Recent Regional Momentum

The administration has demonstrated a sustained appetite for economic engagement in Central and Southeast Asia. Recent agreements with Kazakhstan totaling over $17 billion include $4 billion in American locomotive purchases. A $35 billion deal with Uzbekistan, elevated to strategic

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့် တည်ငြိမ်အေးချမ်းမှုအပိုင်းတွင် တိုးတက်မှုများရှိလာသည်ကို အကြောင်းပြုလျက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက မြန်မာနိုင်ငံသားများအပေါ် ပေးအပ်ထားသော ယာယီအကာအကွယ်ပေးထားသည့်အဆင့်အတန်း (Temporary Protected Status for Burmese–TPS) ကို မကြာသေးမီက ရပ်စဲလိုက်ခြင်းသည် အမေရိကန်-မြန်မာဆက်ဆံရေးတွင် အပြောင်းအလဲများ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း အချက်ပြနေပါသည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းတွင် စတင်ကျင်းပမည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် ရွေးကောက်ပွဲများသည် ဆယ်စုနှစ်များစွာကြာ ရပ်တန့်နေခဲ့သော အမေရိကန်-မြန်မာ ဆက်ဆံရေးကို ပြန်လည် ချိန်ညှိရန် ဝါရှင်တန် (အမေရိကန်အစိုးရ) အတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်စေပြီး အရှေ့တောင်အာရှတစ်ဝန်းရှိ အမေရိကန်၏ မဟာဗျူဟာမြောက် နေရာယူရပ်တည်မှုအပေါ် သက်ရောက်မှုများ ရှိလာစေနိုင်ပါသည်။

### လတ်တလော ဒေသတွင်းအရှိန်အဟုန်

အမေရိကန်အစိုးရအဖွဲ့သည် အလယ်ပိုင်းနှင့် အရှေ့တောင်အာရှ ဒေသများတွင် စီးပွားရေးအရ ထိတွေ့ဆက်ဆံရန် စဉ်ဆက်မပြတ် အလေးထားလျက်ရှိကြောင်း ပြသခဲ့ပါသည်။ ကာဇက်စတန်နိုင်ငံနှင့် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံကျော်တန်ဖိုးရှိ မကြာသေးမီက သဘောတူညီချက်တွင် အမေရိကန်နိုင်ငံထုတ် မီးရထားစက်ခေါင်း ဝယ်ယူမှုအတွက် ဒေါ်လာ လေးဘီလီယံ ပါဝင်ပါသည်။ ထို့ပြင် မဟာဗျူဟာမြောက် မိတ်ဖက်အဖြစ်ဆက်ဆံရေး အဆင့်တိုးမြှင့်ထားသော ဥဇဘက်ကစ္စတန်နိုင်ငံနှင့်လည်း အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံတန် သဘောတူညီချက်တွင် အမေရိကန်နိုင်ငံထုတ်လေယာဉ် ဝယ်ယူမှု တန်ဖိုး ရှစ်ဘီလီယံကျော် ပါဝင်ပါသည်။

မြန်မာနိုင်ငံနှင့် ပိုမိုနီးကပ်သည့် ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့နှင့် ကုန်သွယ်ရေးသဘောတူညီချက်များက အမေရိကန်နိုင်ငံ၏ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုအတွက် မရှိမဖြစ်လိုအပ်သော တွင်းထွက်သတ္တုများကို ပိုမိုလက်လှမ်းမီစေခဲ့ပါသည်။ ထို့ပြင် ယင်းသဘောတူညီချက်များသည် နိုင်ငံဖြတ်ကျော် ဆိုက်ဘာရာဇဝတ်မှုကွန်ရက်များကို ဖြိုခွင်းရာ၌ အမေရိကန်နိုင်ငံနှင့် ဒေသတွင်း တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း အားကောင်းလာစေခဲ့ပါသည်။ မြန်မာနိုင်ငံတွင်လည်း သတ္တုသယံဇာတကြွယ်ဝမှုနှင့် ယင်း၏နယ်နိမိတ်အတွင်းလှုပ်ရှားနေသော ရာဇဝတ်ဂိုဏ်း ကွန်ရက်များနှင့်ပတ်သက်သည့်စိန်ခေါ်မှုများရှိနေခြင်းကြောင့် အဆိုပါအစပျိုးလုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံရာတွင် အသုံးချနိုင်မည့်ပုံစံကွက်တစ်ရပ်ကို ဖော်ဆောင်ပေးလျက်ရှိပါသည်။

### မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် အရေးပါမှု

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားတစ်ခုတည်းကပင် မဟာဗျူဟာအရ အာရုံစိုက်မှုကို ခံရထိုက်သည်။ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင် နှစ်ခုစလုံးသို့ တိုက်ရိုက်ထွက်ပေါက်ရှိသည့် တစ်ခုတည်းသော အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသကို ချိတ်ဆက်ပေးထားသည့် အရေးပါသောနေရာတွင် တည်ရှိနေပါသည်။

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသကို ထိန်းချုပ်ထားနိုင်ခြင်းသည် အရေးပါသော ပင်လယ်ရေကြောင်းများတွင် အမေရိကန်ရေတပ်အတွက် ဝင်ထွက်သွားလာခွင့်အလားအလာကို ပေးစွမ်းနိုင်သကဲ့သို့ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ လာအိုနိုင်ငံတို့နှင့် ကုန်းမြေနယ်နိမိတ်ချင်း ထိစပ်နေခြင်းကလည်း ဒေသတွင်းကုန်သွယ်ရေးနှင့် စစ်ဘက်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးတို့အတွက် သဘာဝအလျောက် အချက်အချာကျသော ဆုံချက်နေရာတစ်ခု ဖြစ်ပေါ်စေပါသည်။ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုနှင့် ထွန်းသစ်စနည်းပညာများအတွက် မရှိမဖြစ်လိုအပ်သော မြေရှားသတ္တုများ (Rare Earth Elements) အပါအဝင် နိုင်ငံ၏သဘာဝသယံဇာတများသည် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်တန်ဖိုးကို ပိုမိုမြင့်မားစေသော အခြားကဏ္ဍတစ်ခု ဖြစ်ပါသည်။

အမေရိကန်နိုင်ငံက ဆယ်စုနှစ်နှစ်စုကြာ ကျင့်သုံးလျက်ရှိသည့် မြန်မာနိုင်ငံအပေါ် သီးခြားဖယ်ကြဉ်ရေးမူဝါဒသည် ဟာကွက်တစ်ခုကို ဖြစ်ပေါ်စေခဲ့ပြီး ယင်းနေရာတွင် ပြိုင်ဘက်အင်အားကြီးနိုင်ငံများက ဝင်ရောက်နေရာယူခဲ့ကြပါသည်။ အမေရိကန်က သိသာထင်ရှား ရှိမနေခြင်းကြောင့် မြန်မာနိုင်ငံသည် စီးပွားရေးမိတ်ဖက်ဆောင်ရွက်မှု၊ စစ်ဘက်ဆိုင်ရာပစ္စည်းကိရိယာများနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ငွေကြေးထောက်ပံ့မှုများအတွက် အခြားနေရာအရပ်ဒေသသို့ ပိုမိုမျှော်ကြည့်လာခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ပြန်လည်ချိတ်ဆက်ခြင်းသည် အဆိုပါ လွှမ်းမိုးမှုများကို ပြန်လည်ထိန်းညှိရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ကာကွယ်ရေးနှင့် နည်းပညာကဏ္ဍများအတွက် မရှိမဖြစ်လိုအပ်သော အရေးပါသည့်အရင်းအမြစ်များကို အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှရရှိနိုင်စေမည်ဖြစ်ပါသည်။

လတ်တလော သံတမန်ရေးရာအချက်ပြမှုများက နှစ်နိုင်ငံထိုကဲ့သို့ ပြန်လည်ထိတွေ့ဆက်ဆံနိုင်ရန် လမ်းဖွင့်ထားသည်ကို ညွှန်ပြလျက်ရှိပါသည်။ အောက်တိုဘာလတွင်ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေး၌ (အမေရိကန်) အစိုးရအဖွဲ့က မြန်မာအစိုးရအပေါ် လူသိရှင်ကြားဝေဖန်ခြင်းမှ ထူးခြားစွာရှောင်ကြဉ်ခဲ့ပြီး ယင်းသည် ယခင်ချဉ်းကပ်ဆောင်ရွက်မှုများနှင့် သိသာထင်ရှားစွာကွဲပြားသည်။ ယခုကဲ့သို့ ချင့်ချိန်တုံ့ပြန်မှုသည် နိုင်ငံရေးဆိုင်ရာ ကန့်သတ်ချက်များ (political conditionality) ထက် မဟာဗျူဟာမြောက်ထိတွေ့ဆက်ဆံရေးကို ဦးစားပေးလိုသည့်ဆန္ဒရှိကြောင်း ညွှန်ပြနေခြင်း ဖြစ်နိုင်သည်။

### အလားအလာရှိသည့် ပြန်လည်တည်ဆောက်ရေးအစီအမံများ

ခိုင်မာသောမူဝါဒပြင်ဆင်မှုအချို့သည် အပြန်အလှန်တုံ့ပြန်ဆက်သွယ်မှုများအတွက် အခြေအနေများကို ဖန်တီးပေးရင်း တစ်ဖက်တွင် အမေရိကန်အနေဖြင့် ထိတွေ့ဆက်ဆံမှုအသစ်များပြုလုပ်ရန် လမ်းဖွင့်ထားကြောင်း အချက်ပြနိုင်သည်။ ပုံမှန်ဆက်ဆံရေးဆီသို့ ဦးတည်သွားမည့် အရှိန်အဟုန်ကို တည်ဆောက်ရန်အတွက် ဂရုတစိုက် အဆင့်ဆင့်စီစဉ်ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Mr. Rubio က အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် မကြာမီကျင်းပမည့် ရွေးကောက်ပွဲများနှင့်ပတ်သက်၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ တရားမျှတမှု၊ ယုံကြည်နိုင်မှု၊ တရားဝင်မှု သို့မဟုတ် သက်ဆိုင်ရာနိုင်ငံ၏ ဒီမိုကရေစီတန်ဖိုးများအပေါ် အမြင်သဘောထား ထုတ်ဖော်ပြောကြားခြင်းကို ရှောင်ရှားမည်ဟု ယခုနှစ်အစောပိုင်းတွင် ပြောကြားခဲ့ပါသည်။ အဆိုပါ သဘောတရားကို မြန်မာနိုင်ငံ၏ ယခုပြုလုပ်မည့် ရွေးကောက်ပွဲများ အပေါ် လိုက်နာအသုံးချမည်ဆိုပါက အမေရိကန်အစိုးရ၏ ထုတ်ပြန်ထားသော မူဝါဒနှင့်ကိုက်ညီသည့် လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ ပိတ်ထားသော သံတမန်လမ်းကြောင်းများကို ပွင့်သွားစေနိုင်သည်။

စာမျက်နှာ ၇ သို့ ☆

❛ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Mr. Rubio က အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် မကြာမီကျင်းပမည့် ရွေးကောက်ပွဲများနှင့်ပတ်သက်၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ တရားမျှတမှု၊ ယုံကြည်နိုင်မှု၊ တရားဝင်မှု သို့မဟုတ် သက်ဆိုင်ရာနိုင်ငံ၏ ဒီမိုကရေစီတန်ဖိုးများအပေါ် အမြင်သဘောထားထုတ်ဖော်ပြောကြားခြင်းကို ရှောင်ရှားမည်ဟု ယခုနှစ်အစောပိုင်းတွင် ပြောကြားခဲ့ပါသည်။ အဆိုပါ သဘောတရားကို မြန်မာနိုင်ငံ၏ ယခုပြုလုပ်မည့် ရွေးကောက်ပွဲများအပေါ် လိုက်နာအသုံးချမည်ဆိုပါက အမေရိကန်အစိုးရ၏ ထုတ်ပြန်ထားသော မူဝါဒနှင့် ကိုက်ညီသည့် လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ ပိတ်ထားသော သံတမန်လမ်းကြောင်းများကို ပွင့်သွားစေနိုင် ❜

# ခရစ်တော်မွေးနေ့ ခရစ္စမတ်ကျေးဇူးတော် ချီးမွမ်းခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)က ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့ ခရစ္စမတ်ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကိုရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ဇေမာန္နေလဘုရားကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)၊ ဒေါက်တာတူးတူး (ခရစ်ယာန်ဘာသာ)၊ ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)၊ ဗဟိုကော်မတီအတွင်းရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌများနှင့် တိုင်းအလုပ်အမှုဆောင်များ၊ ခရိုင်/မြို့နယ်များမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ခရစ်ယာန်ဘာသာဝင်မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးဖွဲ့ (ဗဟို)ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ခရစ်ယာန်ဘာသာဝင် ဗဟိုအလုပ်အမှုဆောင်များက ဧည့်သည်တော်များအား ခရစ္စမတ်လက်ဆောင်များ ပေးအပ်ခြင်းနှင့် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခြင်းတို့ကို အခမ်းအနားအစီအစဉ်အတိုင်း ဆောင်ရွက်ကြကြောင်း သိရသည်။

သတင်းစဉ်



☆ စာမျက်နှာ ၆ မှ

❖ အရှေ့တောင်အာရှဒေသ၏ နိုင်ငံရေးနှင့် စီးပွားရေးအခင်းအကျင်းကို ပြိုင်ဘက်အင်အားကြီးနိုင်ငံများက တက်ကြွစွာပုံဖော်ပေးလျက်ရှိပါသည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာနိုင်ငံတွင် ဩဇာလွှမ်းမိုးမှုရရန် ယှဉ်ပြိုင်မည်လား သို့မဟုတ် ပြိုင်ဘက်များက မြေပြင်အခြေအနေများကို အခိုင်အမာတည်ဆောက်နေချိန်တွင် ဆက်လက်စောင့်ကြည့်နေမည်လားဆိုသည်မှာ အင်ဒို-ပစိဖိတ်ဒေသတွင်း အင်အားချိန်ခွင်လျှာအတွက် ရေရှည်အကျိုးသက်ရောက်မှုများရှိစေမည့် အခြေခံကျသော မဟာဗျူဟာမြောက် ရွေးချယ်မှုတစ်ခုဖြစ်

❖ အလယ်အာရှနှင့် ပင်မအရှေ့တောင်အာရှရှိ (အမေရိကန်)အစိုးရ၏ လတ်တလော လုပ်ဆောင်ချက်မှတ်တမ်းများက မဟာဗျူဟာအကျိုးစီးပွားများနှင့် အမေရိကန်အကျိုးစီးပွားများ ကိုက်ညီသည့်နေရာတွင် ထိတွေ့ဆက်ဆံမှုကို ဆက်လက်လုပ်ဆောင်ရန် ဆန္ဒရှိကြောင်းပြသ

ဤရပ်တည်ချက်က ဒီမိုကရေစီအရေးလှုပ်ရှားသူများ၏ ဝေဖန်မှုများ ကြုံတွေ့ရနိုင်သော်လည်း အထူးသဖြင့် အထီးကျန်ထားခြင်းက မြန်မာနိုင်ငံအတွင်းလိုလားသော နိုင်ငံရေးအပြောင်းအလဲများကို မဖော်ဆောင်နိုင်ခဲ့ခြင်းကြောင့် ဆက်လက်အထီးကျန်ထားခြင်းထက် ထိတွေ့ဆက်ဆံခြင်းက အမေရိကန်၏အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေနိုင်သည်ဟူသော သုံးသပ်ဆုံးဖြတ်ချက်ကို ထင်ဟပ်စေသည်။

စီးပွားရေးမျက်နှာစာတွင် လေယာဉ်အစိတ်အပိုင်းများ၊ သတ္တုတူးဖော်ရေးစက်ပစ္စည်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အခြေခံအဆောက်အအုံများအတွက် အသုံးပြုမည့်ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းများအပါအဝင် အမေရိကန်ကုမ္ပဏီများအတွက် အကျိုးရှိစေမည့် စီးပွားရေးအခွင့်အလမ်းများအတွက် ပံ့ပိုးမှုများ တည်ဆောက်ပေးရမည်။ ထိုကဲ့သို့အစီအစဉ်များသည် ပြစ်ဒဏ်ခတ်သည့်အစီအမံများကိုကျော်လွန်၍ ရှေ့ဆက်လိုသော အမေရိကန်၏ဆန္ဒကို ပြသရာရောက်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ ပိတ်ဆို့အရေးယူမှုစည်းမျဉ်းများ (Burma Sanctions Regulations ) က အမေရိကန်စွမ်းအင်ကုမ္ပဏီများကို မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ ထိရောက်စွာ ဖယ်ထုတ်ထားခဲ့သည်။ ထိုကဲ့သို့ ကန့်သတ်ချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်ပါက လက်ရှိ မြန်မာ့စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကို လွှမ်းမိုးထားသော အခြားနိုင်ငံများ၏ နိုင်ငံပိုင်စွမ်းအင်လုပ်ငန်းများနှင့် အမေရိကန်ကုမ္ပဏီများအကြား ယှဉ်ပြိုင်နိုင်မည့် အခွင့်အရေးများ ရှိလာနိုင်ပါသည်။ အမေရိကန်စွမ်းအင်ကုမ္ပဏီများသည် အရင်းအနှီးနှင့် နည်းပညာသာမက မြန်မာ့ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုနိုင်မည့် ပိုမိုမြင့်မားသော သဘာဝပတ်ဝန်းကျင်နှင့် ဘေးကင်းရေးဆိုင်ရာ စံချိန်စံညွှန်းများကိုပါ ယူဆောင်လာပေးနိုင်သည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် စီးပွားရေးအကျိုးအမြတ်များကို ရရှိစေမည့်အပြင် မြန်မာနိုင်ငံ၏ စီးပွားရေးလမ်းကြောင်းနှင့် နိုင်ငံတကာရပ်တည်မှုများကို ပုံဖော်ပေးနေသောကဏ္ဍတစ်ခုအပေါ်တွင် မဟာဗျူဟာမြောက် လွှမ်းမိုးမှုကိုပါရရှိစေမည်ဖြစ်သည်။

**ဒေသတွင်းဆက်စပ်အခြေအနေများနှင့်သာဓကများ**

မြန်မာနိုင်ငံခေါင်းဆောင်ပိုင်းက အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် အမေရိကန်နိုင်ငံသားများကို ပစ်မှတ်ထားသည့် ဆိုက်ဘာရာဇဝတ်မှုလုပ်ငန်းများကို တန်ပြန်ရာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဖော်ပြခဲ့ပါသည်။ မြန်မာနိုင်ငံသည် အွန်လိုင်းလိမ်လည်မှုစင်တာများကိုနှိမ်နင်းရန် ခြေလှမ်းများစတင်ခြင်းဖြင့် အပြန်အလှန်စိုးရိမ်ပူပန်ဖြစ်စေသည့် ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်းကို ပြသခဲ့ပါသည်။ မွန်ဂိုလီးယားနှင့် ကာဇက်စတန်နိုင်ငံတို့တွင် အောင်မြင်စွာကျင့်သုံးခဲ့ပြီးဖြစ်သော (အမေရိကန်)အစိုးရ၏ "တတိယအိမ်နီးချင်း (Third Neighbor)" ကုန်သွယ်ရေးမူဘောင်သည် ၎င်းတို့၏ နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေးများကို စုံလင်ကွဲပြားစေရန် ကြိုးပမ်းနေသော နိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် သက်သေပြပြီးသား သာဓကတစ်ခုဖြစ်သည်။

အဆိုပါမူဘောင်သည် ကမ္ဘာ့နိုင်ငံများအား အမေရိကန်နိုင်ငံနှင့် လွတ်လပ်သော စီးပွားဆက်ဆံရေး တည်ဆောက်နိုင်စေမည်ဖြစ်သည့်အပြင် အရေးပါသည့် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ဆက်ဆံရေးဟန်ချက်ညီမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။

**မဟာဗျူဟာမြောက် ထည့်သွင်းစဉ်းစားစရာများ**

အမေရိကန်နိုင်ငံက ထိတွေ့ဆက်ဆံမှုထက် အထီးကျန်ထားခြင်း (Isolation) ကို ဦးစားပေးထားသည့်မူဝါဒကို ဆယ်စုနှစ်နှစ်စုကြာ ကျင့်သုံးခဲ့သည်။ ဤအချက်က မဟာဗျူဟာမြောက်နေရာများကို ပြိုင်ဘက်များထံ လက်လွှတ်လိုက်ရုံသာ ဖြစ်စေခဲ့သည်။

မူဝါဒဆိုင်ရာမေးခွန်းတစ်ခုမှာ ဆက်လက်အထီးကျန်ထားခြင်းက စည်းကမ်းသတ်မှတ်ချက်များပါရှိသော ထိတွေ့ဆက်ဆံမှု (conditional engagement) ထက် အမေရိကန်၏အကျိုးစီးပွားကို ပိုမိုအကျိုးပြုမည်လား ဆိုသည်ပင်ဖြစ်သည်။

မကြာမီကျင်းပမည့် ရွေးကောက်ပွဲများသည် အမြဲတမ်းရှိမနေနိုင်သော သံတမန်ရေးရာလမ်းစတစ်ခုကို ပေးစွမ်းနေသည်။

အုပ်ချုပ်မှုတိုးတက်မှုများ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအပြင် ဒေသတွင်း လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့နှင့် ဆက်စပ်နေသည့် ခိုင်မာသော စံနှုန်းများအပေါ်တွင်အခြေခံ၍ ထိတွေ့ဆက်ဆံမှုကို ဖော်ဆောင်နိုင်ပါမည်။ ထိုကဲ့သို့သောချဉ်းကပ်မှုသည် ဘက်စုံပြောင်းလဲမှုကို ကြိုတင်စည်းကမ်းချက်အဖြစ် တောင်းဆိုခြင်းမျိုးမဟုတ်ဘဲ တစ်ဆင့်ချင်းတိုးတက်မှုအတွက် မက်လုံးများဖန်တီးပေးရင်း တစ်ဖက်တွင်လည်း ဩဇာညောင်းမှုကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

ချဉ်းကပ်မှုသည် ကြီးမားသောပြောင်းလဲမှုများကို တိုက်ရိုက်တောင်းဆိုခြင်းအစား တဖြည်းဖြည်းဖော်ဆောင်မည့် တိုးတက်မှုအတွက် လှုံ့ဆော်မှုကို ထိန်းသိမ်းပေးနိုင်မည်ဖြစ်ပါသည်။

အရှေ့တောင်အာရှဒေသ၏ နိုင်ငံရေးနှင့် စီးပွားရေးအခင်းအကျင်းကို ပြိုင်ဘက်အင်အားကြီးနိုင်ငံများက တက်ကြွစွာပုံဖော်ပေးလျက်ရှိပါသည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာနိုင်ငံတွင် ဩဇာလွှမ်းမိုးမှုရရန် ယှဉ်ပြိုင်မည်လား သို့မဟုတ် ပြိုင်ဘက်များက မြေပြင်အခြေအနေများကို အခိုင်အမာတည်ဆောက်နေချိန်တွင် ဆက်လက်စောင့်ကြည့်နေမည်လားဆိုသည်မှာ အင်ဒို-ပစိဖိတ်ဒေသတွင်း အင်အားချိန်ခွင်လျှာအတွက်ရေရှည်အကျိုးသက်ရောက်မှုများ ရှိစေမည့် အခြေခံကျသော မဟာဗျူဟာမြောက် ရွေးချယ်မှုတစ်ခုဖြစ်သည်။

အလယ်အာရှနှင့် ပင်မအရှေ့တောင်အာရှရှိ (အမေရိကန်)အစိုးရ၏ လတ်တလော လုပ်ဆောင်ချက်မှတ်တမ်းများက မဟာဗျူဟာအကျိုးစီးပွားများနှင့် အမေရိကန်အကျိုးစီးပွားများ ကိုက်ညီသည့်နေရာတွင် ထိတွေ့ဆက်ဆံမှုကို ဆက်လက်လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ပြသနေသည်။

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထား၊ သယံဇာတများနှင့် အာဆီယံအတွင်းတည်ရှိမှုတို့က ဤချဉ်းကပ်မှုအတွက် ယုတ္တိရှိသော နောက်ထပ်အာရုံစိုက်စရာဖြစ်လာစေပါသည်။ ။

Joe Buccino သည် အမေရိကန်ကြည်းတပ် ဗိုလ်မှူးကြီး (ငြိမ်း) တစ်ဦးဖြစ်ပြီး Vantage + Vox ၏ CEO လည်းဖြစ်သည်။

(မြန်မာနိုင်ငံ၌ မကြာမီပြုလုပ်မည့် ရွေးကောက်ပွဲသည် အမေရိကန်နိုင်ငံ၏ အရှေ့တောင်အာရှဒေသဆိုင်ရာမူဝါဒ ပြောင်းလဲမှုဖြစ်စေနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ ၂၂- ၁၂-၂၀၂၅ ရက်နေ့က RealClear Defense တွင် သုံးသပ်ရေးသားဖော်ပြခဲ့သည့် Joe Buccino ၏ Myanmar Elections: U.S. Policy Reset in Southeast Asia? ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)

# (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စာပြန်သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးများ လာရောက်ဖူးမြော်ကြည်ညို

**ရန်ကုန် ဒီဇင်ဘာ ၂၅**

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စာမေးပွဲကျင်းပရာသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက လာရောက်ဖူးမြော်ကြည်ညိုကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးများသည် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ သီတင်းသုံးတော်မူလျက်ရှိသော တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီး ကိုးပါးတို့အား ဖူးမြော်ကြည်ညို၍ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများသည် တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိ စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာ ဘိဝံသထံမှ ဩဝါဒခံယူကြပြီး တိပိဋကဓရတိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများထံ သင်္ကန်းစသော နဝကမ္မ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြကာ ဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒါဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း အာဂုံ ပြန်ဆိုတော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည့် စာပြန်သံဃာတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

(၇၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ ၃၃ ရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး စာဖြေသံဃာစုစုပေါင်း ၅၂၆ ပါး ဝင်ရောက်ပြန်ဆို/ဖြေဆိုကြမည်ဖြစ်ကာ ယနေ့ တိပိဋကဓရ တိပိဋက ကောဝိဒ စာမေးပွဲတွင် အဘိဓမ္မာ (ဒုတိယပိုင်း) စာပြန်သံဃာတစ်ပါး၊ အဘိဓမ္မာ(ပထမပိုင်း) စာပြန်သံဃာသုံးပါး၊ ဒီဃနိကာယ် စာပြန်သံဃာတစ်ပါး၊ ဝိနည်း (ဒုတိယပိုင်း) စာပြန်သံဃာ ၃၅ ပါး၊ ဝိနည်း (ပထမပိုင်း) စာပြန်သံဃာအပါး ၃၀ စုစုပေါင်း အပါး ၇၀တို့ အာဂုံပြန်ဆိုလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ချောင်းဆုံမြို့နယ် ညောင်လမ်းကျေးရွာ ကျိုက်ဒိုးတောရကျောင်းတိုက် (၁၂၅) နှစ်ပြည့် အထိမ်းအမှတ်နှင့် (၈၄) ကြိမ်မြောက် ဓမ္မဝိနယစာတော်ပြန်ပွဲ အခမ်းအနားသို့ တက်ရောက်



**မော်လမြိုင် ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ညောင်လမ်းကျေးရွာ ကျိုက်ဒိုးတောရကျောင်းတိုက်၏ (၁၂၅) နှစ်ပြည့် အထိမ်းအမှတ် နှင့် (၈၄) ကြိမ်မြောက် ဓမ္မဝိနယစာတော်ပြန်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်လမ်းကျေးရွာ ကျိုက်ဒိုးတောရကျောင်းတိုက် ထေရာသနကျောင်းဆောင်၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဧည့်ပရိသတ်များက ရွှေကျင်နိကာယ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သက္ကယ်တောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဉာဏ်ဓဇထံမှ သီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဓမ္မဝိနယစာတော်ပြန်ပွဲအတွက် အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ချောင်းဆုံမြို့နယ် ညောင်လမ်းကျေးရွာ ကျိုက်ဒိုးတောရကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တဥူးဇာနေယျထံ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး (၈၄) ကြိမ်မြောက် ဓမ္မဝိနယစာတော်ပြန်ပွဲ အခမ်းအနားကျင်းပမည့် ကျောင်းတိုက်တော်ကြီးအား လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ကုသိုလ်ယူ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒစ်ဂျစ်တယ်စီးပွားရေးအခြေခံအဆောက်အအုံနှင့် ဆိုက်ဘာလုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီအောက်ရှိ ဒစ်ဂျစ်တယ် စီးပွားရေးအခြေခံ အဆောက်အအုံနှင့် ဆိုက်ဘာလုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ (၂/၂၀၂၅) ကြိမ်မြောက်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ ရုံးအမှတ်(၂)၌ ကျင်းပသည်။

ဦးစွာ ဒစ်ဂျစ်တယ်စီးပွားရေး အခြေခံ အဆောက်အအုံနှင့် ဆိုက်ဘာလုံခြုံရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် Living Document အဖြစ် ထုတ်ပြန်ပြီး ဖြစ်သည့် မြန်မာဒစ်ဂျစ်တယ် စီးပွားရေး လမ်းပြမြေပုံ (၂၀၃၀) ပါ ဒစ်ဂျစ်တယ်စီးပွားရေး အခြေခံ အဆောက်အအုံနှင့် ဆိုက်ဘာလုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီက ဆောင်ရွက်ရမည့် Action Plan များနှင့်စပ်လျဉ်း၍ ကော်မတီအနေဖြင့် လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ယခင်ကျင်းပခဲ့သည့် (၁/၂၀၂၅) အစည်းအဝေးမှ ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ရန်ကျန်ရှိသည်များကို ဆက်လက် ဆောင်ရွက်သွားရန်၊ အတည်ပြု ထုတ်ပြန်ပြီးဖြစ်သည့် မြန်မာဒစ်ဂျစ်တယ် စီးပွားရေး လမ်းပြမြေပုံ (၂၀၃၀) တွင် ပါရှိသည့် ကော်မတီနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနအချင်းချင်း အဆင့်အလိုက် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို ဒစ်ဂျစ်တယ်အသွင်သို့ ကူးပြောင်း၍ ပြည်သူအားလုံး ညီတူညီမျှ ပါဝင်ဆောင်ရွက်နိုင်စေခြင်းဖြင့် နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြသည့် အညွှန်းကိန်းများ တိုးတက်ရေးကို ဆက်လက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။



အစည်းအဝေးသို့ ဒစ်ဂျစ်တယ်စီးပွားရေး အခြေခံအဆောက်အအုံနှင့် ဆိုက်ဘာလုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် Myanmar Digital Economy Association တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတကာ "ကျွမ်းကျင်သူ" ဆိုတဲ့သူတွေ မြန်မာ့အကြောင်း ဘယ်လိုထပ်ပြီး အကဲဖြတ်လွဲနေကြပြန်ပြီလဲ

မောင်ဒွဲ့ဒိုး

ကဲ... ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံး အကြိမ်ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးက ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတော့မယ်ဆိုတော့ နိုင်ငံတကာမီဒီယာကြီးတွေလည်း အလုပ်ရှုပ်လာကြပြီလေ။ မကြာသေးခင်က ထွက်လာတဲ့ Reuters သတင်းတစ်ပုဒ်ကိုပဲ ကြည့်လိုက်၊ ခေါင်းစဉ်က **"မြန်မာစစ်ကောင်စီစစ်တလင်းကနေ မဲပုံးဆီ အပြောင်းအလဲ၊ အောင်မြင်နိုင်ခြေနည်းပါး"** တဲ့။ ဒီခေါင်းစဉ်မျိုးက အခုမှ ကြားဖူးတာမှ မဟုတ်တာ၊ အရင်ကလည်း ရာနဲ့ချီပြီး ကြားခဲ့ရတာပဲ။ ဒီရွေးကောက်ပွဲက မအောင်မြင်နိုင်ဘူး၊ **"ဟန်ပြ"** သက်သက်ပဲ၊ အစိုးရကလည်း ပြိုလဲခါနီးပြီဆိုပြီး ပုံဖော်ရေးသားနေကြတာပါပဲ။

ဒါပေမဲ့ ဗန်ကောက်က ကော်ဖီဆိုင်တွေ၊ ဝါရှင်တန်ဒီစီက ရုံးခန်းတွေ၊ ဩစတြေးလျက တက္ကသိုလ်ခန်းမတွေထဲမှာ ထိုင်နေတာမဟုတ်ဘဲ မြန်မာနိုင်ငံထဲမှာ တကယ်လက်တွေ့ နေထိုင်နေကြတဲ့ ကျုပ်တို့လိုလူတွေအတွက်ကတော့ ဒီသုံးသပ်ချက်တွေက အဓိပ္ပာယ်မရှိပါဘူးဗျာ။ ဒါတွေက ကိုယ်ပိုင်အမြင်တွေမဟုတ်ဘဲ တစ်ဖက်သတ် သတင်းအချက်အလက်တွေထဲမှာ ပိတ်မိနေတဲ့ **"ဆရာကြီး"** ဆိုသူတွေရဲ့ စကားတွေပါပဲ။ သူတို့က ပဋိပက္ခတွေ စဖြစ်ကတည်းက မြန်မာပြည်ကို ခြေမချဖူးကြဘူး၊ တချို့ဆို ဘယ်တုန်းကမှတောင် ရောက်ဖူးရဲ့လား မသိဘူး။ ဒါပေမဲ့ သူတို့စကားဆိုရင် အဟုတ်ကြီးမှတ်ပြီး ကိုးကားနေကြတာ။ တကယ်တမ်းတော့ သူတို့က မြန်မာပြည်ရဲ့ လက်တွေ့အခြေအနေနဲ့ အတော်ကြီးကိုကင်းကွာနေကြပြီလေ။ သုံးသပ်ချက်တွေ ပေးနေတယ်သာဆိုတယ်၊ တကယ်က သူတို့လိုချင်တဲ့ပုံစံခွက်ထဲ အတင်းထည့်ပြောနေတာပဲ။ ပြီးတော့ သူတို့ကို ပိုက်ဆံပေးထားတဲ့ အလှူရှင်တွေ ကြားချင်တာကို ပြောပေးနေရသလို၊ အဖြေရှာဖို့ထက် ပြဿနာဖြစ်နေမှ ထမင်းစားရမယ့် **"သတင်းတု"** (Fake News) တွေအပေါ်မှာပဲ မှီခိုနေကြတာကိုး။

## ကီးဘုတ် ပညာရှင်များ

ပထမဆုံးနဲ့ အသိသာဆုံး ပြဿနာကတော့ ဒီသုံးသပ်သူတွေက အဝေးကြီးမှာရှိနေတာပဲ။ Reuters သတင်းမှာ ကိုးကားထားတဲ့ **"လေ့လာသူတွေနဲ့ သံတမန်တွေ"** ဆိုတာ ရန်ကုန်နဲ့ နေပြည်တော်က လေကို မရှူရတာ နှစ်နဲ့ချီနေလောက်ပြီ။

သူတို့ပြောတာတွေကို ဖတ်ကြည့်လိုက်ရင် လက်ပ်တော့ (Laptop) မျက်နှာပြင်ကနေတစ်ဆင့် မြန်မာပြည်ကို ကြည့်နေရတဲ့ လူတွေရဲ့ စကားမှန်း သိသာလွန်းတယ်။ သူတို့က နိုင်ငံခြားမှာ၊ အနောက်နိုင်ငံမြို့ကြီးတွေမှာ ဇိမ်ကျကျနေထိုင်ပြီး မြန်မာပြည်ကို ပိတ်ဆို့အရေးယူထားတဲ့ နိုင်ငံတွေရဲ့ လုံခြုံမှုအောက်မှာ နေနေကြတာလေ။ ဒီလိုနေရာကနေ ထိုင်ကြည့်ပြီး အစိုးရရဲ့ လမ်းပြမြေပုံကို ဝေဖန်ဖို့က လွယ်တာပေါ့။ ကိုယ်တိုင်က စစ်ပွဲတွေ၊ စီးပွားရေး ကျပ်တည်းမှုတွေနဲ့ ရင်ဆိုင်နေရတာမှ မဟုတ်ဘဲ၊ ရွေးကောက်ပွဲကို **"ဟန်ပြ"** လို့ ပြောရတာ လွယ်တာပေါ့ဗျာ။

ဒီပညာရှင်တွေက **"မဖြစ်နိုင်ဘူး"** လို့ ပြောကြတာက မြန်မာပြည်ရဲ့ နိုင်ငံရေး လက်တွေ့အခြေအနေ

> **ပထမဆုံးနဲ့ အသိသာဆုံး ပြဿနာကတော့ ဒီသုံးသပ်သူတွေက အဝေးကြီးမှာ ရှိနေတာပဲ။ Reuters သတင်းမှာ ကိုးကားထားတဲ့ "လေ့လာသူတွေနဲ့ သံတမန်တွေ" ဆိုတာ ရန်ကုန်နဲ့ နေပြည်တော်က လေကို မရှူရတာ နှစ်နဲ့ချီနေလောက်ပြီ။ သူတို့ပြောတာတွေကို ဖတ်ကြည့်လိုက်ရင် လက်ပ်တော့ (Laptop) မျက်နှာပြင်ကနေတစ်ဆင့် မြန်မာပြည်ကို ကြည့်နေရတဲ့ လူတွေရဲ့ စကားမှန်း သိသာလွန်းတယ်။ သူတို့က နိုင်ငံခြားမှာ၊ အနောက်နိုင်ငံမြို့ကြီးတွေမှာ ဇိမ်ကျကျ နေထိုင်ပြီး မြန်မာပြည်ကို ပိတ်ဆို့အရေးယူထားတဲ့ နိုင်ငံတွေရဲ့ လုံခြုံမှုအောက်မှာ နေနေကြတာလေ။**

ကို မကြည့်ဘဲ အနောက်နိုင်ငံစံနှုန်းတွေနဲ့ တိုင်းတာနေလို့ပါ။ သာမန် ပြည်သူတွေအတွက်တော့ ဒီရွေးကောက်ပွဲဟာ ဘယ်လောက်ပဲ မပြည့်စုံဘူးပြောပြော၊ ဥပဒေဘောင်ထဲကိုပြန်ဝင်ဖို့နဲ့ အရေးပေါ်ကာလကနေ အားလုံးရဲ့ထွက်ပေါက်တစ်ခုဆိုတာကို သူတို့မမြင်ကြဘူး။ ဒါကိုလက်ခံဖို့ဆိုရင် ကိုယ်တိုင်ရှိနေဖို့နဲ့ လက်တွေ့အမြင်ရှိဖို့လိုတယ်၊ အဲဒါတွေက ဒီကီးဘုတ်ပညာရှင်တွေမှာ မရှိဘူးလေ။

## "သတင်းတု" ပွဲတင်သံများ

ဒီပညာရှင်တွေ မြန်မာပြည်ထဲမှာမရှိရင် သတင်းတွေ ဘယ်ကရသလဲ။အဖြေက ရှင်းရှင်းလေး၊ ပြည်ပရောက် မီဒီယာတွေ၊ တက်ကြွလှုပ်ရှားသူခေါင်းစဉ်နဲ့ လှုပ်ရှားနေသူတွေနဲ့ အတိုက်အခံအဖွဲ့အစည်းတွေဆီက တစ်ဖက်သတ်သတင်းတွေကိုပဲ ပြန်ကြားနေရတာဗျ။ ဒီအဖွဲ့တွေက သူတို့နိုင်ငံရေး ရပ်တည်ချက်နဲ့ သူတို့ရှိပေမယ့်၊ သူတို့ပြောသမျှကို ဓမ္မဓိဋ္ဌာန်ကျတဲ့ **"သတင်းအစစ်"** လို့ ယူဆလိုက်ရင်တော့ မှားပြီပေါ့။

အနောက်တိုင်း သုံးသပ်ချက်တွေက တိုင်းပြည်ပျက်စီးတော့မယ့်ပုံစံပြောမှ ကြိုက်တာ။ တိုက်ပွဲလေးနည်းနည်းဖြစ်တာနဲ့ တပ်မတော်က အကြီးအကျယ်ရှုံးနေပြီ၊ ဆန္ဒပြပွဲလေး နည်းနည်းရှိတာနဲ့ တစ်နိုင်ငံလုံးတော်လှန်နေပြီဆိုပြီး ပုံကြီးချဲ့ကြတာ။ **"မဖြစ်နိုင်ဘူး"** ဆိုတဲ့ စကားလုံးက ဒီလိုရွေးချယ်ထားတဲ့ သတင်းတို အစအနတွေကနေ ထွက်လာတာပါ။ တပ်မတော်က မြို့ကြီးတွေ၊ အုပ်ချုပ်ရေး ယန္တရားတွေနဲ့ အာဏာကို ငါးနှစ်နီးပါး ထိန်းထားနိုင်တယ်ဆိုတဲ့ အချက်ကိုတော့ သူတို့မေ့ထားကြတယ်။ ပြိုလဲတော့မယ်လို့ ဟောကိန်းထုတ်နေတာ ကြာလှပြီ၊ အခုထိမပြိုလဲပါလား။

လေ့လာသူတွေက NUG နဲ့ သူတို့အပေါင်းပါတွေရဲ့ စကားတွေကိုပဲ ပြန်ရွတ်နေကြတာပါ။ မြေပြင်အခြေအနေကို သူတို့ကိုယ်တိုင်မှ မစစ်ဆေးနိုင်တာ။ နိုင်ငံခြားအထောက်အပံ့တွေ ဆက်ရဖို့ ဖန်တီးထားတဲ့ ဇာတ်လမ်းတွေကိုပဲ နားထောင်ပြီး ပြန်ပြောနေကြတာ။ စစ်ပန်းပြီး တည်ငြိမ်မှု လိုချင်နေတဲ့၊ မဲသွားပေးဖို့ အဆင်သင့်ဖြစ်နေတဲ့ တကယ့်ပြည်သူအများစုရဲ့ဆန္ဒကိုတော့ သူတို့ထည့်မပြောကြဘူး။

## ပိုက်ဆံမျက်နှာကြည့်တဲ့ အလှူရှင်အလိုကျ သုံးသပ်ချက်များ၊

ခပ်ရှင်းရှင်းပြောရရင် **"ဘယ်သူ အကျိုးရှိသလဲ"** ဆိုတာ မေးဖို့လိုတယ်။

မြန်မာ့အရေး **"ကျွမ်းကျင်သူ"** ဆိုတဲ့ လောကကြီးက အနောက်နိုင်ငံအစိုးရတွေနဲ့ ဖောင်ဒေးရှင်းတွေရဲ့ ပိုက်ဆံနဲ့ လည်ပတ်နေတာ။ သူတို့မှာက နိုင်ငံရေး ရည်ရွယ်ချက်တွေ ရှိနေကြတယ်ဗျ။

တကယ်လို့များ သုံးသပ်သူ တစ်ယောက်က **"စစ်ကောင်စီရဲ့ ရွေးကောက်ပွဲက အောင်မြင်နိုင်တယ်"၊ "တပ်မတော်ကပဲ တိုင်းပြည်မပြိုကွဲအောင် ထိန်းထားနိုင်တယ်"** လို့များ သွားရေးကြည့်ပါလား၊ အထောက်အပံ့ (Grant) တွေ ဖြတ်ခံရမှာ သေချာတယ်။ "တိုင်းပြည် ပျက်တော့မယ်" ဆိုတဲ့ ဟောကိန်းတွေကမှ ဈေးကောင်းရတာလေ။ ဒါမှလည်း ဥရောပနဲ့ အနောက်အုပ်စုကပိတ်ဆို့မှုတွေ လုပ်ရတာ မှန်တယ်ဆိုပြီးဖြစ်မှာကိုး။ "ရွေးကောက်ပွဲ အဆင့်လိုက် ကျင်းပတာက နယ်မြေလုံခြုံရေးအရ ပိုကောင်းတယ်" လို့များ သွားပြောရင် "တပ်မတော်ရဲ့ ဘက်တော်သား" ဆိုပြီး တံဆိပ်ကပ်ခံရဦးမယ်။

ဒါကြောင့် သုံးသပ်ချက်တွေက ပရိသတ်ကြိုက်အောင် ရေးရတာ။ အလှူရှင်တွေ သဘောကျအောင်ရေးရတာ။ သူတို့ရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတွေ ကြားချင်တာကို ပြောပြနေရတာ – **"ခင်ဗျားတို့ ဖိအားပေးတာ ထိရောက်တယ်၊ တပ်က အားနည်းနေပြီ၊ ဒီမိုကရေစီသမားတွေ နိုင်တော့မယ်"** ပေါ့။ ဒါက သုံးသပ်ချက်စစ်စစ် မဟုတ်ဘူးဗျ၊ ပညာရှင်လိုလို ဘာလိုလိုနဲ့ ပိုက်ဆံယူပြီး ဝါဒဖြန့်နေတာ။

## မြေပြင်က လက်တွေ့အခြေအနေ

Reuters ခေါင်းစဉ်မှာ ပြောထားသလို **"မဖြစ်နိုင်ဘူး"** ဆိုတာနဲ့ ဆန့်ကျင်ဘက်ပါပဲ။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ရွေးကောက်ပွဲ အခြေအနေက တော်တော်လေး ခိုင်မာပါတယ်။ မြို့နယ် ၁၀၂ မြို့နယ်ကနေစပြီး အဆင့်လိုက် ကျင်းပမယ်ဆိုတာ အားနည်းလို့ မဟုတ်ဘူး၊ လက်တွေ့ကျကျ စဉ်းစားလို့ လုပ်တာ။ လုံခြုံရေးအခြေအနေအရ လုပ်နိုင်သလောက်လုပ်ပြီး နိုင်ငံရေးလမ်းကြောင်းကို ရှေ့ဆက်တာလေ။

ပြီးတော့ ဒီပညာရှင်တွေ ပြောပြောနေတဲ့ **"နိုင်ငံတကာက ဝိုင်းပယ်ထားတယ်"** ဆိုတာလည်း ဒဏ္ဍာရီပါပဲ။ အနောက်နိုင်ငံတွေက အော်နေပေမယ့် မြန်မာ့အိမ်နီးချင်းတွေကတော့ ဆက်ဆံနေတာပဲ။ တရုတ်၊ ရုရှား၊ အိန္ဒိယဆိုတဲ့ နိုင်ငံတွေက မြန်မာ့အရေးအတွက် တကယ်အရေးပါတဲ့ နိုင်ငံတွေလေ၊ သူတို့က ရွေးကောက်ပွဲကို ထောက်ခံတယ်။ တပ်မတော်က ဦးဆောင်ကျင်းပပေးမယ့် အရပ်သား အစိုးရ အပြောင်းအလဲဆိုတာ ဒီဒေသမှာတည်ငြိမ်ဖို့အတွက် ပုံမှန်လုပ်နေကျ နည်းလမ်းပဲဆိုတာ သူတို့နားလည်တယ်။ အနောက်နိုင်ငံတွေ အသိအမှတ်ပြုမှ အောင်မြင်မယ်လို့ ယူဆထားရင်တော့ အဲဒီ **"မဖြစ်နိုင်ဘူး"** ဆိုတဲ့ ခေတ်ပြာဟောင်းကြီးပဲ ထပ်ဖွင့်နေမိမှာပဲ။

မဲစာရင်းတွေလည်း ထွက်ပြီ၊ မဲပေးစက် (MEVM) တွေလည်း အဆင်သင့်ပဲ (ဒါကို ဝေဖန်သူတွေက မပြောချင်ကြဘူး)၊ ပါတီတွေလည်း မဲဆွယ်နေပြီ။ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီလို လုံခြုံတဲ့နေရာက သန်းချီတဲ့ ပြည်သူတွေအတွက်တော့ မဲပုံးဆိုတာ သေနတ်ထက်စာရင် ပိုကောင်းတဲ့ ထွက်ပေါက်ပါပဲ။

## နိဂုံး

Reuters ဆောင်းပါးမှာပါတဲ့ **"ကျွမ်းကျင်သူ"** တွေကတော့ အစိုးရသစ်ဖွဲ့ပြီး လွှတ်တော် စခေါ်တဲ့အထိ ပြိုလဲတော့မယ်လို့ ဟောကိန်းထုတ်နေကြဦးမှာပဲ။ **"ဟန်ပြ"** လို့ ပြောမယ်၊ သတင်းတုတွေ ကိုးကားမယ်၊ ပြီးရင် အလှူရှင်တွေဆီက ပိုက်ဆံထုတ်ကြမယ်။

ဒါပေမဲ့ သမိုင်းဆိုတာ လက်တွေ့ပါဝင်ပတ်သက်သူတွေက ရေးတာဗျ။ ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ တန်းစီပြီး မဲပေးကြမယ့် မြန်မာပြည်သူတွေကသာ တကယ့်အကဲဖြတ်သူတွေပါ။ သူတို့ မဲပေးတာ လန်ဒန်က သုတေသီတစ်ယောက်ယောက် သဘောကျဖို့ မဟုတ်ဘူး။ သူတို့ရဲ့ အနာဂတ်၊ သူတို့ရဲ့ တည်ငြိမ်မှုနဲ့ သူတို့ကိုယ်တိုင် သတ်မှတ်တဲ့ ဒီမိုကရေစီအတွက် မဲပေးကြမှာ။ မျှော်စင်ပေါ်က အသံတွေကို နားထောင်နေတာရပ်ပြီး မြေပြင်က ခက်ခဲကြမ်းတမ်းတဲ့ လက်တွေ့ဘဝတွေကို ကြည့်ဖို့ အချိန်တန်ပါပြီ။ နိုင်ငံခြားက ဝေဖန်ရုံနဲ့ လည်ပတ်နေတဲ့ယန္တရားကြီး ရပ်သွားမယ်လို့ထင်နေတဲ့ သူတွေအတွက် ခင်ဗျားတို့ပြောတဲ့ **"မဖြစ်နိုင်ဘူး"** ဆိုတာ မဖြစ်နိုင်ဘူးဗျာလို့ ပြောချင်တယ်။ ခင်ဗျားတို့ ဝေဖန်လေကန်နေတဲ့ကြားထဲကပဲ ရွေးကောက်ပွဲပြီးတာနဲ့ အစီအစဉ်အဆင့်ဆင့်က ဖြစ်မြောက်သွားမှာ ပဲလို့ ကျုပ်ပြောချင်တယ်။ ကဲ ... လောင်းရဲရင် လောင်းမလား။

> **Reuters ဆောင်းပါးမှာပါတဲ့ "ကျွမ်းကျင်သူ" တွေကတော့ အစိုးရသစ်ဖွဲ့ပြီး လွှတ်တော်စခေါ်တဲ့အထိ ပြိုလဲတော့မယ်လို့ ဟောကိန်းထုတ်နေကြဦးမှာပဲ။ "ဟန်ပြ" လို့ ပြောမယ်၊ သတင်းတုတွေ ကိုးကားမယ်၊ ပြီးရင် အလှူရှင်တွေဆီက ပိုက်ဆံထုတ်ကြမယ်။**
>
> **ဒါပေမဲ့ သမိုင်းဆိုတာ လက်တွေ့ပါဝင်ပတ်သက်သူတွေက ရေးတာဗျ။ ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ တန်းစီပြီး မဲပေးကြမယ့် မြန်မာပြည်သူတွေကသာ တကယ့်အကဲဖြတ်သူတွေပါ။ သူတို့မဲပေးတာ လန်ဒန်က သုတေသီတစ်ယောက်ယောက် သဘောကျဖို့ မဟုတ်ဘူး။ သူတို့ရဲ့ အနာဂတ်၊ သူတို့ရဲ့ တည်ငြိမ်မှုနဲ့ သူတို့ကိုယ်တိုင် သတ်မှတ်တဲ့ ဒီမိုကရေစီအတွက် မဲပေးကြမှာ။ မျှော်စင်ပေါ်က အသံတွေကို နားထောင်နေတာရပ်ပြီး မြေပြင်က ခက်ခဲကြမ်းတမ်းတဲ့ လက်တွေ့ဘဝတွေကို ကြည့်ဖို့ အချိန်တန်ပါပြီ။**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် မှော်ဘီမြို့နယ်တွင် ဆောင်းသီးနှံ(နေကြာ) စံပြစိုက်ခင်း စိုက်ပျိုးထားရှိမှုနှင့် မြို့နယ်များတွင် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှု ကြည့်ရှုစစ်ဆေး



ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် မှော်ဘီမြို့နယ်၌ ဆောင်းသီးနှံ(နေကြာ) စံပြစိုက်ခင်းစိုက်ပျိုးထားရှိမှုနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှု၊ မဲဆန္ဒရှင်ပြည်သူများက မဲစာရင်းများ လာရောက်ကြည့်ရှုမှုနှင့် ကြိုတင်မဲပေးနေမှု၊ မဲရုံပြင်ဆင်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာ တောင်သူ ဒေါ်အေးအေးပိုင်၏လယ်တွင် ဆောင်းသီးနှံ (နေကြာ) စံပြစိုက်ခင်း စိုက်ပျိုးထားရှိမှု၊ အပင်များကို အပင်အားဆေး ပက်ဖျန်းနေမှု၊ ပေါင်းရှင်း မြေဆွခြင်းနှင့် သဘာဝ ဓာတ်မြေဩဇာများ ကျွေးခြင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွင် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(တာခွ)တွင် မဲဆန္ဒရှင်ပြည်သူများ ရွေးကောက်ပွဲမဲပေးခြင်းဆိုင်ရာ အသိပညာပေး ဆောင်ရွက်နေမှုနှင့် မဲရုံခင်းကျင်းပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ် ဖောဓိကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုနှင့် ကြိုတင်မဲပေးနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ ကပ်ထားကြေညာမည်ဖြစ်ရာ မဲဆန္ဒရှင်စာရင်းများကို ပြည်သူများ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုက်ကြီးခရိုင်၊ မှော်ဘီခရိုင်နှင့် မင်္ဂလာဒုံခရိုင်တို့မှ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအတွက် ယူနီဖောင်း၊ ဆန်၊ ဆီနှင့် စားသောက်ကုန်များပေးအပ်ပွဲကို သတ်မှတ်နေရာ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအား ယူနီဖောင်း၊ ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ပေးအပ်ကြကာ အားပေးစကားပြောကြား၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



## ပဲခူးမြို့၌ အခွန်ကောက်ခံမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ပဲခူး ဒီဇင်ဘာ ၂၅

အခွန်အရပ်ရပ်ဆိုင်ရာကောက်ခံရရှိမှု အလုပ်ရုံဆွေးနွေးပွဲနှင့် အခွန်အရပ်ရပ်ဆိုင်ရာ တိုးတက်ကောက်ခံရရှိရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက်က ပဲခူးမြို့ လူငယ်စင်တာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးဦးတင်ဦးက နိုင်ငံတော်မှရသင့်ရထိုက်သော အခွန်အခများ ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ကြရန်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အခွန်အမျိုးအစား ငါးမျိုးနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်သည့်လုပ်ငန်း လေးမျိုးမှ လျာထားချက်ထက် ပိုမိုတိုးတက်ကောက်ခံရရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်အသီးသီးမှ အခွန်ကောက်ခံရရှိမှုအခြေအနေများ တင်ပြဆွေးနွေးမှုအပေါ် စီးပွားရေးရာဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပဲခူးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ပဲခူးမြို့နယ်ရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ပြုလုပ်ရာ အခွန်ထမ်းများက သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပဲခူးမြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အခွန်ထမ်းလုပ်ငန်းရှင်စုစုပေါင်း ၂၇၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ရန်ကုန်မြို့၌ ဆန်အကြောင်းသိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဆန်အကြောင်းသိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲ - ၂၀၂၅ (Yangon Rice Showcase–2025) ကို ဒီဇင်ဘာ ၂၄ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel ၌ ကျင်းပသည်။

**ဆွေးနွေး**

ဦးစွာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဆန်အကြောင်းသိကောင်းစရာဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က စားသုံးသူပညာပေး လုပ်ငန်းစဉ်များနှင့် စားသုံးသူရေးရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဆန်အကြောင်းသိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ အနုပညာရှင်များ၊ သက်ဆိုင်ရာနယ်ပယ်များမှ တာဝန်ရှိသူများက ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသမီးများ၊ အိမ်ရှင်မများ၏ ဆန်အကြောင်းသိကောင်းစရာ ရေးဖြေပြိုင်ပွဲ၊ နှုတ်ဖြေပြိုင်ပွဲများ ကျင်းပခြင်း၊ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးပြီး နိုင်ငံအနှံ့တည်ရှိနေသော ဆန်စက်များ၌ ကြိတ်ခွဲထုတ်လုပ် သန့်စင်ထုပ်ပိုးထားသော ဆန်အမျိုးအစားများအကြောင်း၊ အထူးသဖြင့် ယင်းဆန်များ၏ စားသုံးမှုအရည်အသွေး၊ ဈေးနှုန်းနှင့် အာဟာရတန်ဖိုးများ အကြောင်းကိုလည်းကောင်း၊ ချက်နည်းများကြောင့် အရည်အသွေး၊ အရသာ ပြောင်းလဲမှုအပေါ် သိရှိနားလည်စေရန်အတွက် လည်းကောင်း ဆန်အကြောင်း သိကောင်းစရာများကို စနစ်တကျပြုစုဖြန့်ဝေ ပညာပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ စားသုံးသူ ပညာပေးလုပ်ငန်း ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ကိုထက်



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ချောစုလှိုင်၊ ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့များ ဒိုက်ဦးမြို့နယ် ပေါက်တပင်ကျေးရွာအုပ်စု ကွင်းအမှတ်၄၄၄-ဃ ကွင်းတွင် ရွှေလွင်မြေ သမဝါယမအသင်းစုတောင်သူများ၏ ဆောင်းနေကြာ(ရုရှား)မျိုး ၁၅ ဧက စိုက်ပျိုးပြီးစီးမှုကို ဒီဇင်ဘာ ၂၄ ရက်က ကွင်းဆင်းကြည့်ရှုစဉ်။

ကျော်ကျော် (ပြန်/ဆက်)

## မှော်ဘီမြို့နယ်၌ ထူးချွန်စွမ်းရည်ပြပွဲ၊ပြိုင်ပွဲများ ကျင်းပ

မှော်ဘီ ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ တိုင်းရင်းသားကလေးငယ်များ ဗလငါးတန်နှင့် ပြည့်စုံသော ကျောင်းသားလူငယ်များဖြစ်လာစေရေးအတွက် ရည်ရွယ်၍ ထူးချွန်စွမ်းရည်ပြပွဲ၊ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၂ ရက်က မှော်ဘီမြို့နယ် အမက(မလွှကုန်း) ၌ ကျင်းပသည်။

ဦးစွာ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်းက အမှာစကားပြောကြားပြီး အမှတ်တရလက်ဆောင်နှင့်အားကစားပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းရင်းသားကလေးငယ်များက ကပြဖျော်ဖြေကာထူးချွန်စွမ်းရည်ပြပွဲ၊ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)



# မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်း တရုတ်-တောင်အာရှနှင့် အရှေ့တောင်အာရှ ပြည်သူ့လူမှုရေးအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး မဟာမိတ်အဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဒေသတွင်း NGO အဖွဲ့အစည်းများ လူမှုဘဝ တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် မြန်မာ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ လာအို၊ နီပေါ (၆)နိုင်ငံမှ လူမှုရေး အသင်းအဖွဲ့များက ၂၀၂၅ ခုနှစ်အောက်တိုဘာ ၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ စတင်ဖွဲ့စည်းခဲ့သည့် “တရုတ်-တောင်အာရှနှင့် အရှေ့တောင်အာရှ ပြည်သူ့လူမှုရေး အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးမဟာမိတ်အဖွဲ့ ”(China South & Southeast Asian Civil Society Organizations Development and Exchange Cooperation Alliance) ၏ တတိယအကြိမ်မြောက် ကျင်းပသည့် အွန်လိုင်းအစည်းအဝေးကို မြန်မာနိုင်ငံရှိ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းက စီစဉ်လျက် ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။



အဆိုပါအစည်းအဝေးသို့ တရုတ်နိုင်ငံရှိ ကူမင်းယွမ်ဒီ လူမှုကူညီရေးစင်တာ (Cunming Yundi Behavior and Health Research Center)၊ Chinese Academy of Medical Sciences , Fuwai Yunnan Hospital၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ MalishaFoundation နှင့် ကမ္ဘောဒီးယား၊ လာအို၊ နီပေါနိုင်ငံတို့မှ NGO အသင်းများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ရန်ကင်းကလေးဆေးရုံကြီး နှင့် ဝိသာခါ ဖောင်ဒေးရှင်းတို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဖွဲ့စည်းထားသည့် လူမှုရေး အဖွဲ့အစည်းများက ဒေသတွင်း နိုင်ငံများအတွင်း ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ယဉ်ကျေးမှုကဏ္ဍများကို ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်သွားရန် ရည်ရွယ်ဆွေးနွေးကြသည်။

နိုင်ငံအလိုက် အသင်းအဖွဲ့များက မိမိတို့အသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ရန်ကင်းကလေးဆေးရုံကြီးမှ ကလေးနှလုံးရောဂါကုသရေးလုပ်ငန်းများကို တရုတ်နိုင်ငံမှ Fuwai Yunnan Hospital နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ မြန်မာ – တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းက မြန်မာ– တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဝိသာခါဖောင်ဒေးရှင်းမှ လူမှုရေးလုပ်ငန်းများဆောင်ရွက်ချက်များကိုလည်းကောင်း၊ တရုတ်နိုင်ငံ Chinese Academy of Medical Sciences , FuwaiYunnan Hospital ၏ Social Service Depertment မှ Dr. Gao(ဒေါက်တာကောင်း )က Case on Child Nutrition in Congenital Heart Disease Screening in Laos ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Malisha Foundation မှ ဒေါက်တာ မာရစ်ဖ်(Dr. Maruf) က Nutritional Practice Sharing for CHD in Bangladesh ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်ပြီး တက်ရောက်လာသူများက အနာဂတ်တွင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ - တရုတ်သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ် ကဗျာနှလုံးသား တူယှဉ်သွား တရုတ်-မြန်မာ ဂန္ထဝင်ကဗျာများရွတ်ဆိုပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှင့် ကွမ်ရှီးအသံနှင့်ရုပ်မြင်သံကြား ဌာနတို့ပူးပေါင်းပြီး မြန်မာ – တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ် ကဗျာနှလုံးသားတူယှဉ်သွား တရုတ်–မြန်မာဂန္ထဝင်ကဗျာများ ရွတ်ဆိုပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရန်ကုန် Studio – A ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Ms.Zhengkui နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်)မှ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။




ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်Ms.Zhengkui က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

### သီဆိုဖျော်ဖြေတင်ဆက်

ယင်းနောက် ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားဌာနမှ အစီအစဉ်တင်ဆက်သူ Mr. Su Yaong Jian ရွတ်ဆိုထားသည့် တရုတ်စာရေးဆရာကြီး Yu Guangzhong ရေးသားထားသည့် “ The Sight Of Father’s Back” ကဗျာ Video Clip ကို ပြသသည်။ ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အစီအစဉ်တင်ဆက်သူ ဦးစောမင်းနောင်က ဂန္ထဝင်ကဗျာဆရာကြီး ဇော်ဂျီရေးသားထားသည့် “ပိတောက်ပန်း” ကဗျာကို ရွတ်ဆိုသည်။ယင်းနောက် GXRTV မှ အစီအစဉ်တင်ဆက်သူများဖြစ်သည့် Ms.Zhou Baolin နှင့် Mr.Da Peng တို့ရွတ်ဆိုထားသည့် တရုတ်ခေတ်သစ်ကဗျာ “ Pinglu Canal” ကဗျာ Video Clip ကို ပြသသည်။ ဆက်လက်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အစီအစဉ်တင်ဆက်သူများ ဖြစ်ကြသည့် ဦးသက်ဇင်ထိုက်နှင့် ဒေါ်ဝတ်ရည်မြင့်အောင်တို့က ဂန္ထဝင်ကဗျာဆရာမ ငွေတာရီ ရေးသားထားသည့် “သာသည့် မြေသို့” ကဗျာကို ရွတ်ဆိုသည်။ ယင်းနောက် GXRTV မှ အစီအစဉ်တင်ဆက်သူ Ms.Wang Lin က “သက်ဆိုင်သူ ထာဝရတည်ရှိပါစေ” တရုတ်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။ ထို့နောက် တရုတ်စာသင်ကြားနေသည့် မြန်မာကျောင်းသားတစ်ဦးနှင့် မြန်မာစာသင်ကြားနေသည့် တရုတ်ကျောင်းသား တစ်ဦးတို့က အကြိုက်ဆုံး ကဗျာအကြောင်း အင်တာဗျူးထားသည့် Video Clip နှစ်ခုကို ပြသသည်။ ဆက်လက်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစောမင်းနောင်နှင့် ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားဌာနမှ ချမ်းချမ်းတို့က “မြန်မာမိတ်ဆွေများအတွက်” ကဗျာကို အတူတကွ ရွတ်ဆိုကြသည်။ ယင်းနောက် ဖျော်ဖြေရေး အစီအစဉ်ကို ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့၏ ပူးပေါင်း တီးခတ်မှုနှင့်အတူ ဝန်ထမ်းတေးသံရှင်များဖြစ်ကြသည့် ဖူးဧကရီဆောင်းက “ Tian Mi Mi (အချစ်ပြန်လာတော့မယ်)” သီချင်းဖြင့်လည်းကောင်း၊ ခေတ္တာက “ Ni Zen Me Shuo (မောင်ပေးတဲ့ အချစ်ပြန်ဆပ်ခဲ့ပါ)” သီချင်းဖြင့်လည်းကောင်း၊ စောဒယ်နီရယ်က “ Xiao Ren Wu De Xin Sheng (ရိုးရှင်းသောဘဝ)” သီချင်းဖြင့်လည်းကောင်း၊ အေးနံ့သာအောင်က “ San Yue Li De Xiao Yu (အမှတ်တရ)”သီချင်းဖြင့်လည်းကောင်း၊ မြင့်မြတ်ကျော်က “Gen Wang Shi Gan Bei (ဖြေသိမ့်လိုက်)” သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေ တင်ဆက်ကြပြီး မြန်မာ – တရုတ်သံတမန် ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် ကဗျာနှလုံးသား တူယှဉ်သွား တရုတ် – မြန်မာဂန္ထဝင်ကဗျာများ ရွတ်ဆိုပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားဌာန (GXRTV)တို့သည် ၂၀၁၇ ခုနှစ်မှ စတင်၍ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ တရုတ်ရုပ်သံစီးရီးနှင့် တရုတ်ကာတွန်းကားများကို မြန်မာဘာသာ ပြန်ဆို ပြသလျက်ရှိသကဲ့သို့ နှစ်ဖက်ပူးပေါင်းထုတ်လုပ်မှုများ ဆောင်ရွက်လျက်ရှိရာ ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားဌာန (GXRTV) မှ ရိုက်ကူးပြီးစီးခဲ့သည့် မဲခေါင် – လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နောက်ဆုံးအောင်မြင်မှု အခြေအနေများ မှတ်တမ်းရုပ်သံနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ပူးတွဲရိုက်ကူးထုတ်လုပ်မည့် မုတ္တမပင်လယ်ကွေ့တွင် ကျက်စားသည့် ငှက်မျိုးရင်းလေ့လာရေးအစီအစဉ် စသည့် ရုပ်သံမှတ်တမ်း အစီအစဉ်နှစ်ခုအား နှစ်ဖက်ရုပ်သံများတွင် ထုတ်လွှင့်ပြသရေး သဘောတူညီချက်မူဘောင်ကို ဒီဇင်ဘာ ၂၃ ရက်နံနက်ပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရန်ကုန်) ၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ချစ်စရာ့အရွယ်ကစားကြမယ် ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်




**နေပြည်တော် ဒီဇင်ဘာ ၂၅**

“ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ်ကို MRTV HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် အမှတ်(၃) မူလတန်းကြိုကျောင်း (မင်္ဂလာဒုံ)နှင့် မင်္ဂလာဒုံမူလတန်းကြိုကျောင်းမှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV – HD Channel မှ ဆက်လက်ထုတ်လွှင့် ပြသမည်ဖြစ်သည်။

### ကြည့်ရှု

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်းကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင် ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ MRTV – HD Channel တွင် ဒီဇင်ဘာ ၂၉ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

# မြောင်းမြစိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း မောင်မယ်သစ်လွင် ကြိုဆိုပွဲကျင်းပ

**မြောင်းမြ ဒီဇင်ဘာ ၂၅**

မြောင်းမြစိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် မြကျွန်းရွှေဝါခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများက "အလှပန်း အစဉ်ဖြာဝေ" တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ကျောင်းအတွက် ချီးမြှင့်ငွေများကို လည်းကောင်း၊ ပထမနှစ်နှင့် ဒုတိယနှစ်ကို ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်သည်။

ကြိုဆိုပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

မြောင်းမြ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်တွင် စိုက်ပျိုးရေးကျောင်းသား ကျောင်းသူ ၁၄၀၊ မွေးမြူရေးကျောင်းသား ကျောင်းသူ နှစ်ဦး စုစုပေါင်း ၁၄၂ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**



# မြိတ်မြို့၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများ သင်တန်းဆင်းပွဲကျင်းပ

**မြိတ် ဒီဇင်ဘာ ၂၅**

တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနက ဖွင့်လှစ်လျက်ရှိသော ဟိုတယ်ဆိုင်ရာ ဧည့်ကြို၊ အိပ်ခန်းဆောင်ထိန်းသိမ်းမှု၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေး ဝန်ဆောင်မှု (Level-1) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက Hotel Grand Jade ခန်းမ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ သင်တန်းထူးချွန်ဆု ရရှိသော သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ၊ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု (Level-1) သင်တန်းတွင် တက်ရောက်အောင်မြင်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် မြိတ်ခရိုင် ဟိုတယ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ သင်တန်းများကို သင်တန်းသား သင်တန်းသူ ၁၀၅ ဦး တက်ရောက်ကြ၍ သင်တန်းကာလ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ပြည်တက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**ပြည် ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပြည်တက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က ယင်းတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ ခင်မောင်ဇော်က မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအား ပြည်တက္ကသိုလ်၏ ဘာသာရပ်ဆိုင်ရာဆရာကြီး ဆရာမကြီးများနှင့် မိတ်ဆက်ပေးကာ ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)နှစ်ဦးက ပြည်တက္ကသိုလ်၌ သင်ကြားပေးလျက်ရှိသော ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ်များနှင့်ပတ်သက်၍ ဘာသာရပ်တစ်ခုချင်းစီ၏ အဓိပ္ပာယ်၊ သဘောသဘာဝနှင့် လက်တွေ့အသုံးချနိုင်မှုအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ပြည်တက္ကသိုလ်ရှိ ဘာသာရပ်ဌာနကြီး ၁၅ ခု၌ ဝိဇ္ဇာဘာသာရပ် ၁၁ ခုနှင့် သိပ္ပံပညာရပ် ရှစ်ခု စုစုပေါင်း ဝိဇ္ဇာ/သိပ္ပံဘာသာရပ်ပေါင်း ၁၉ ခုကို သင်ကြားပို့ချပေးလျက်ရှိကာ ဒေသ/လူ့စွမ်းအားဖွံ့ဖြိုးမှုနှင့် MSMEs လုပ်ငန်းများအတွက် အထောက်အကူပြုဖြစ်စေမည့် ကွန်ပျူတာဒီပလိုမာ(DCS)နှင့် စီးပွားရေးဥပဒေပညာဒီပလိုမာ (DBL)တို့ကိုလည်း သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဘာသာရပ်မိတ်ဆက်ပွဲ ကျင်းပ

**သန်လျင် ဒီဇင်ဘာ ၂၅**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်(နေ့သင်တန်း)တွင် တက်ရောက်ပညာသင်ယူကြမည့် မောင်မယ်သစ်လွင်များအား ကြိုဆိုပွဲနှင့် ဘာသာရပ်မိတ်ဆက်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်တွင် အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



### မိတ်ဆက်ရှင်းလင်း

အခမ်းအနားတွင် ခေတ္တပါမောက္ခချုပ် ဒေါက်တာ မျိုးမင်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဝိဇ္ဇာဘာသာရပ်များ မိတ်ဆက်ခြင်းကို ပထဝီဝင်ဌာနနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာဌာနမှ ပါမောက္ခ (ဌာနမှူး)က လည်းကောင်း၊ သိပ္ပံဘာသာရပ်များမိတ်ဆက်ခြင်းကို သင်္ချာဌာနပါမောက္ခ(ဌာနမှူး)က လည်းကောင်း၊ စာမေးပွဲနှင့် ကျောင်းစည်းမျဉ်းစည်းကမ်းနှင့် စာကြည့်တိုက်ဆိုင်ရာအကြောင်းအရာများကို သင်တန်းရေးရာဌာနမှူးနှင့် စာကြည့်တိုက်မှူးကလည်းကောင်း မိတ်ဆက်ရှင်းလင်းကြသည်။

ထို့နောက် မောင်မယ်သစ်လွင်များက ခင်းကျင်းပြသထားသော ဘာသာရပ်ဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ပခုက္ကူတက္ကသိုလ်၌ ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၂၅**

ပညာရေး ဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကိုယ်ကာယကြံ့ခိုင်မှု (Physical Fitness) ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က အဆိုပါတက္ကသိုလ်မိုးလုံလေလုံအားကစားရုံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကိုယ်ကာယကြံ့ခိုင်မှု ပြိုင်ပွဲဝင်အသင်းခြောက်သင်းက ပါဝင်ယှဉ်ပြိုင်ကြသည်။



ထို့နောက် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်နှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် အားကစားအသင်းတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# နေပြည်တော်မြို့နယ်အတွင်းရှိ ဆန်စက်၊ အလုပ်ရုံများအတွင်း မီးဘေးလုံခြုံရေးအသိပညာပေး စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး နေပြည်တော်မြို့နယ်အတွင်းရှိ ဆန်စက်၊ အလုပ်ရုံများအတွင်း မီးဘေးလုံခြုံရေးအတွက် အသိပညာပေးစစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့မွန်းလွဲပိုင်းက နန်းတော်ကုန်းကျေးရွာရှိ သိဒ္ဓိစံဆန်စက်၌ ကွင်းဆင်းဆောင်ရွက်သည်။

### ကြည့်ရှုစစ်ဆေး



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းလှိုင်ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ဆန်စက်များ၊ စက်ရုံအလုပ်ရုံများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# ဂျပန်အစိုးရက လာမည့်ဘဏ္ဍာနှစ်အတွက် အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၁၂ ဘီလီယံကျော်ရှိသည့် ကာကွယ်ရေးအသုံးစရိတ် တောင်းခံ



**တိုကျို ဒီဇင်ဘာ ၂၅**

ဂျပန်အစိုးရက လာမည့်ဘဏ္ဍာနှစ်အတွက် အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၁၂ ဘီလီယံကျော် ရှိသည့် ကာကွယ်ရေးအသုံးစရိတ်ကို တောင်းခံရန် စီစဉ်လျက်ရှိသည်။

ဒရုန်းအခြေပြု ကမ်းရိုးတန်းကာကွယ်ရေးစနစ်နှင့် တန်ပြန်တိုက်ခိုက်ရေးစွမ်းရည်များ အပါအဝင် နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်အတွက် ကာကွယ်ရေးအသုံးစရိတ်ကို ပိုမိုသုံးစွဲမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်တပ်ဖွဲ့ ပြန်လည်နေရာချထားရေးနှင့်ပတ်သက်သော အသုံးစရိတ်များလည်း ပါဝင်သည်။

လက်ရှိ ကာကွယ်ရေးအသုံးစရိတ်တွင် ဂျပန်အစိုးရက ၂၀၂၃ မှ ၂၀၂၇ ဘဏ္ဍာနှစ်အထိ အမေရိကန်ဒေါ်လာ ၂၇၇ ဒသမ ၆၇ ဘီလီယံခန့် သုံးစွဲလျက်ရှိသည်။

ပြည်တွင်းထုတ် အမျိုးအစား(၁၂) မြေပြင်မှ သင်္ဘောဖျက်ဒုံးပျံများကို အဆင့်မြှင့်တင်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံခန့် လျာထားမည်ဖြစ်သည်။ ထို့ပြင် အသံထက်မြန်သောလက်နက်များဝယ်ယူရေးအတွက် အမေရိကန်ဒေါ်လာ ၁၉၃ ဒသမ ၇၂ သန်းခန့် ခွဲဝေသုံးစွဲမည်ဖြစ်သည်။ တိုက်လေယာဉ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေါ်လာ ၁ ဒသမ ၀၃ ဘီလီယံကို သုံးစွဲမည်ဖြစ်သည်။

ဘတ်ဂျက်တောင်းခံမှုတွင် မောင်းသူမဲ့ယာဉ်များ ဖြန့်ကြက်ထားရှိမည့် "SHIELD"ဟု ခေါ်သော ကမ်းရိုးတန်းကာကွယ်ရေးစနစ်အတွက် အသုံးစရိတ်လည်း ပါဝင်သည်။

နိုင်ငံ၏လေပိုင်နက် ချိုးဖောက်မှုများကို တုံ့ပြန်နိုင်ရန်အတွက် ဒရုန်းပျံသန်းစမ်းသပ်မှုများ ပြုလုပ်ရန် နောက်ထပ် ဒေါ်လာ ၆ ဒသမ ၄၆ သန်းကို လျာထားမည်ဖြစ်သည်။

ကာကွယ်ရေးအသုံးစရိတ်အတွက် ရန်ပုံငွေရရှိရန် ဝင်ငွေခွန်တိုးမြှင့်ရန် လိုအပ်ကြောင်း သုံးသပ်လျက်ရှိသည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ဂျပန် ဆန်းသစ်တီထွင်ရေးပါတီတို့က ကာကွယ်ရေးအသုံးစရိတ်အတွက် ဆွေးနွေးလျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အီရန်နှင့် ရုရှားတို့ တောင်အာရှနှင့် ဥရောပမြောက်ပိုင်းအား ဆက်သွယ်ပေးသည့် နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ပြီးစီးရေး ကတိကဝတ်ကို ထပ်မံအတည်ပြု

**တီဟီရန် ဒီဇင်ဘာ ၂၅**

အီရန်နှင့် ရုရှားတို့က တောင်အာရှနှင့် ဥရောပမြောက်ပိုင်းအား ဆက်သွယ်ပေးသည့် နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းပြီးစီးရေး ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့ကြောင်း အီရန်အစိုးရပိုင် အိုင်အာအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အီရန် အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး အလီလာရီဂျာနီနှင့် ရုရှားနိုင်ငံ သယ်ယူပို့ဆောင်ရေး ဒုတိယဝန်ကြီးချုပ် ဗီတာလေဆာဗီယက်ဗ်တို့က တီဟီရန်မြို့တော်၌ တွေ့ဆုံပြီး အဆိုပါ နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းစီမံကိန်း ပြီးစီးရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

စီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်ချက်များကို အလေးပေးလုပ်ဆောင်မည်ဖြစ်ကြောင်းနှင့် စီမံကိန်းဆိုင်ရာ စီမံခန့်ခွဲရေးတွင် လိုအပ်သည့် သဘောတူညီချက်များကို ဆောင်ရွက်မည်ဖြစ်ကြောင်း အီရန်အမျိုးသားလုံခြုံရေး ကောင်စီ၏ အတွင်းရေးမှူး အလီလာရီဂျာနီက ပြောကြားခဲ့သည်။

စီမံကိန်းကို အဆင့်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံ သယ်ယူပို့ဆောင်ရေး ဒုတိယဝန်ကြီးချုပ်ဗီတာလေဆာဗီယက်ဗ်က ပြောကြားခဲ့သည်။

နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး လမ်းကြောင်း စီမံကိန်းသည် ရေရှည်တည်တံ့ခိုင်မြဲသော နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရေးနှင့်လွတ်လပ်သော ဒေသတွင်းချိတ်ဆက်မှုလမ်းကြောင်းများ တည်ဆောက်ရန်အတွက် နှစ်နိုင်ငံ ပူးတွဲမဟာဗျူဟာမြောက် ဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ၎င်းတို့က အလေးပေးပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ဇူလိုင်လတွင် အီရန်နှင့် ရုရှားတို့သည် နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် အီရန်နိုင်ငံအတွင်း မီးရထားလမ်းဖောက်လုပ်ရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၆၂ ကီလိုမီတာ ရှည်လျားသော အဆိုပါရထားလမ်း ပြီးစီးပါက အီရန်မြောက်ပိုင်းရှိ ရုပ်ရှ်မြို့နှင့် အက်စထရာမြို့တို့ကို ဆက်သွယ်ပေးမည်ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့လယ်ဒေသ၌ ၂၀၂၇ ခုနှစ်မှ စတင်၍ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးဇုန် တည်ထောင်မည်

**ဟန္နိုင်း ဒီဇင်ဘာ ၂၅**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့လယ်ဒေသတွင် ၂၀၂၇ ခုနှစ်မှစတင်၍ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးဇုန်ကို တည်ထောင်မည်ဖြစ်ကြောင်း သိရသည်။

လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် အစိမ်းရောင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို မြှင့်တင်ရေး ဆောင်ရွက်ချက်ဖြစ်သည်။ ၎င်းဇုန်၏ နယ်နိမိတ်ကို မြို့အတွင်းရှိ လူစည်ကားဒေသများအထိ သတ်မှတ်မည်ဖြစ်သည်။

၎င်းဇုန်အတွင်း ၂၀၂၈ ခုနှစ်မှစတင်၍ ဓာတ်ဆီနှင့် ဒီဇယ်သုံး မော်တော်ဆိုင်ကယ်များကို သွားလာခွင့်ပိတ်ပင်မည်ဖြစ်သော်လည်း ယင်းပိတ်ပင်ချက်တွင် မသန်စွမ်းသူများစီးနင်းသည့် ဆိုင်ကယ်များ မပါဝင်ကြောင်းသိရသည်။ ယခုဆောင်ရွက်ချက်အရလောင်စာမှ လျှပ်စစ်သုံးဆိုင်ကယ်အဖြစ် ပြောင်းလဲသူ ဆိုင်ကယ်တက္ကစီသမားများအား ယာဉ်တစ်စီးလျှင် ဒေါ်လာ၄၀၀ သန်းပေးမည်ဖြစ်ပြီး အခွန်ကင်းလွတ်ခွင့်ပေးမည်ဖြစ်သည်။ လူဦးရေ ၁၄ သန်းကျော်ရှိသည့် ဟိုချီမင်းမြို့တွင် မှတ်ပုံတင်ထားသည့် ယာဉ် ၁၁ သန်း ကျော်ရှိပြီး မြို့တွင်းသွားလာရေးကဏ္ဍတွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု ၈၈ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**




# အနောက်ဘက်ကမ်း ဘက်သလီဟန်မြို့တွင် ခရစ္စမတ်ဝတ်ပြုဆုတောင်းပွဲ ကျင်းပ၊ ဂါဇာဒေသငြိမ်းချမ်းရေး ဆုတောင်း

**ဘက်သလီဟန် ဒီဇင်ဘာ ၂၅**

အနောက်ဘက်ကမ်းဒေသ ရှိဘက်သလီဟန်မြို့တွင် ဒီဇင်ဘာ ၂၅ ရက်က ခရစ္စမတ်ဝတ်ပြုဆုတောင်းပွဲကျင်းပရာ ဝတ်ပြုဆုတောင်းသူများက ဂါဇာဒေသငြိမ်းချမ်းရေးရရှိရေးအတွက် ဆုတောင်းခဲ့ကြောင်း သိရသည်။ ဘက်သလီဟန်မြို့သည် ခရစ်တော်၏ မွေးဖွားရာနေရာဖြစ်သည်။

**စည်ကားစွာကျင်းပ**

ယမန်နှစ်နှင့် ပြီးခဲ့သည့်နှစ်တို့အတွင်းက ဂါဇာဒေသတွင်တိုက်ခိုက်မှုများဖြစ်နေသဖြင့် ခရစ္စမတ်ပွဲတော်ကျင်းပမှုကို အနည်းအကျဉ်းသာ ဆောင်ရွက်ခဲ့ရာမှ ယခုနှစ် အောက်တိုဘာလတွင် အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့ကြား အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်လာခဲ့သဖြင့် ခရစ်တော်ပွဲအခမ်းအနားကို စည်ကားစွာကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်နက်ကိုင်ပဋိပက္ခ ရပ်တန့်သွားသော်လည်း ဂါဇာရှိဒေသခံများသည် လူမှုဒုက္ခများကို ခံစားနေရကြောင်း ကာဒီနယ် ပီယာဘတ်တစ်စတာ ပီဇာဘယ်လာက ပြောကြားခဲ့သည်။

ဘက်သလီဟန်တွင် ဒီဇင်ဘာ ၂၄ ရက်က ဒေသခံအုပ်စုတစ်စုက ခရစ္စမတ်သီချင်းများ သီဆိုလှည့်လည်ခဲ့ရာ အခြားဒေသခံများက လက်ခုပ်တီး၍ အားပေးခဲ့သည်။

ပါလက်စတိုင်းဒေသခံများ အားလုံးအနေဖြင့် ဂါဇာဒေသငြိမ်းချမ်းရေးရရှိရန် လိုလားကြောင်းနှင့် ဂါဇာဒေသအား ယခင်ကအတိုင်း အေးချမ်းမှုရှိစေရမည်ဟု အဆိုပါသီချင်းသီဆိုပွဲတွင် ပါဝင်သူ အမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - စိုးသူရ**

# ဂျပန်အစိုးရက နိုင်ငံခြားသား အလုပ်သမား ၁ ဒသမ ၂၃ သန်းကျော်ကို ၂၀၂၉ ခုနှစ် မတ်လကုန်အထိ လက်ခံရန် ဆုံးဖြတ်

**တိုကျို ဒီဇင်ဘာ ၂၅**

ဂျပန်အစိုးရက နိုင်ငံခြားသား အလုပ်သမား ၁ ဒသမ ၂၃ သန်းကျော်ကို ၂၀၂၉ ခုနှစ် မတ်လကုန်အထိ လက်ခံရန် ဆုံးဖြတ်ခဲ့သည်။

အဆိုပါအစီအစဉ်တွင် ကျွမ်းကျင်လုပ်သားများနှင့် လေ့ကျင့်သင်ကြားပေးမည့် အလုပ်သမားဝန်ထမ်းများ ပါဝင်မည်ဖြစ်သည်။

သတ်မှတ်ထားသော နယ်ပယ် ၁၉ ခုတွင် ကျွမ်းကျင်လုပ်သား ၈၀၅၇၀၀ ကို လက်ခံမည်ဖြစ်သည်။

စက်မှုကုန် ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သား ၁၉၉၅၀၀၊ စားသောက်ကုန်နှင့် အချိုရည်ထုတ်ကုန်များ ထုတ်လုပ်ရေးတွင် ၁၃၃၅၀၀ ဖြစ်ပြီး သူနာပြုစောင့်ရှောက်မှုတွင် ၁၂၆၉၀၀ ကို လက်ခံမည်ဖြစ်သည်။

အလုပ်သမား ဝန်ထမ်းများကို ၂၀၂၇ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်လေ့ကျင့်ပေးမည်ဖြစ်ပြီး သုံးနှစ်အတွင်း သတ်မှတ်ထားသော ကျွမ်းကျင်ဝန်ထမ်းများအဆင့်သို့ ရောက်ရှိစေရန် ရည်ရွယ်ကြောင်း သိရသည်။

ကျွမ်းကျင်ဝန်ထမ်း ၄၂၆၂၀၀ ကို နယ်ပယ် ၁၇ ခုတွင် ခန့်အပ်မည်ဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် ၁၂၃၅၀၀၊ စက်မှုကုန်ထုတ်လုပ်ငန်းတွင် ၁၁၉၇၀၀ ဖြစ်ပြီး စားသောက်ကုန်နှင့်အချိုရည် ထုတ်လုပ်ရေးတွင် ၆၁၄၀၀ ခန့်အပ်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ ကုန်ထုတ်စွမ်းအား မြှင့်တက်လာရန် ရည်ရွယ်ထားသည့်အတွက် လုံခြုံစိတ်ချရသော ဝန်ထမ်းအင်အားကို တိုးမြှင့်ခေါ်ယူခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ အစီအစဉ်နှင့် ပတ်သက်ပြီး ဇန်နဝါရီလတွင် လွှတ်တော်က အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ် ၃၅၇၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၁၄ ကီလိုကျော် သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တွင် ငွေကျပ် ၃၅၇၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၁၄ ကီလိုကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၁ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ၅၆(A) x ၁၁၀ လမ်းထောင့်တွင် အောင်မြင့် မောင်းနှင်ပြီး ဝင်းမြိုင် လိုက်ပါလာသော TOYOTA LAND CRUISER ယာဉ်ကိုစစ်ဆေးရှာဖွေရာယာဉ်ပေါ်မှ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို(ယင်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၁၀၀) သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ၎င်းတို့နှစ်ဦး နေထိုင်သည့် အမရပူရမြို့နယ် “၀၀”(၂)ရပ်ကွက်ရှိ နေအိမ်မှ ဘိန်းဖြူ ၉ ဒသမ ၉ ကီလို(ယင်းဒေသတန်ဖိုး ငွေကျပ် ၂၄၇၅ သိန်း)ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဘိန်းဖြူ ၁၄ ဒသမ ၃ ကီလို (ယင်းဒေသတန်ဖိုး ငွေကျပ် ၃၅၇၅ သိန်း) သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူများကို ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်နေ ကျော်ဦး(ဖမ်းဆီးရန်ကျန်)က မန္တလေးသို့ ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



တရားခံ အောင်မြင့်နှင့် ဝင်းမြိုင်တို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်နှင့် ရေယာဉ် သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် ဘားအံမြို့နယ် ကော့ရေးကျေးရွာအနီး၌ ယာဉ်ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၇၈ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး၊ လျှပ်စစ်ပစ္စည်း ခြောက်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၇၉၄၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ် လေးစီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၃၄၇ ဂါလန်(စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၇၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်နှင့် ၂၀ ရက်တို့တွင် အုတ်တွင်းမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ ထော်လာဂျီ တစ်စီးနှင့် လိုင်စင်မဲ့ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ သာယာဝတီမြို့နယ် အတွင်း၌ တရားမဝင် ကျွန်းသစ် သုညဒသမ ၅၇၆ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၃၅၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၈၃၅၀၀)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူမကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် ဂန့်ဂေါမြို့နယ်နှင့် အောင်လံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် နှစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ပွင့်ဖြူမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် နှစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မကွေးမြို့နယ် ကျစ်စုံပွေးကျေးရွာ၌ တရားမဝင်မီးသွေး ပေါင် ၃၀ ဝင် ၈၁ အိတ်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၃၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း(စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈၇၄၃၀၀၀)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ဘီးလင်းမြို့နယ် သကြားစက်လမ်းဆုံ၌ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ် Yutong Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ဘီးလင်းမြို့နယ် ရွှေသံလွင်တိုးဂိတ်ဟောင်း၌ လိုင်စင်မဲ့ယာဉ် သုံးစီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၀၀၀၀၀၀)ကို လည်းကောင်း(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်




ကချင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

နှင့် ၁၆ ရက်တို့တွင် ဗဟန်းမြို့နယ်၊ မြောက်ဥက္ကလာပ မြို့နယ်နှင့် တွံတေးမြို့နယ်တို့ အတွင်း၌ လိုင်စင်မဲ့ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ခြောက်စီး(စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၈၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၁၂ ရက်၊ ၁၆ ရက်၊ ၁၇ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၀၀၉၀၅၀၀)ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ အတွင်း၌ တရားမဝင် အခြားသစ် ၄ ဒသမ ၈၉၁ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၁၁၁၆၈)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်တွင် မြစ်ကြီးနားမြို့နယ် ရွှေညောင်ပင်ရပ်ကွက် အမှတ်(၄၆၂)ရှိ ဂိုဒေါင်တစ်လုံး အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀)နှင့် လိုင်စင်မဲ့ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ စစ်ကိုင်းမြို့ မြို့အဝင် စစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် မုံအိုး ၁၉ လုံးနှင့် ဆက်စပ်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၃၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရ လည်းကောင်း၊ ရွှေဘိုမြို့နယ် အမှတ်(၁၄)ရပ်ကွက် အနော်ရထာလမ်း၌ ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၇၀၀၀၀၀)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် မြိတ်မြို့နယ် ၄က်သိုက်တောင်ကျွန်းအနီး၌ ရေယာဉ်တစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၂၇ မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၄၈၇၂၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ရေယာဉ်တစ်စင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀၀)(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၄၈၇၂၈၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်တွင် ကျိုက်မရောမြို့နယ် စံပယ်ဂူတံတားအနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၂၄၀ နှင့် ဓာတ်ဆီ ဂါလန် ၂၄၀ (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက်နှင့် ၁၅ ရက်တို့တွင် တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ အတွင်း၌ တရားမဝင် အခြားသစ် ၄ ဒသမ ၁၈၂ တန်(စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၇၇၂၈) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်တွင် ဖျာပုံမြို့နယ် (၁၆)ရပ်ကွက်၌ လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၄၇၃၀၀၀၀)ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၉၃၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၉ ရက်၊ ၁၁ ရက်၊ ၁၅ ရက်၊ ၁၇ ရက်၊ ၁၈ ရက်၊ ၁၉ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၁၄၀၁၆၉၆) ကို သိမ်းဆည်းရမိခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသူများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုမှ ပြစ်မှုကျူးလွန်သူ နှစ်ဦး သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးသူများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုမှ ပြစ်မှုကျူးလွန်သူ နှစ်ဦး သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၁ ရက် ည ၇ နာရီ ၂၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(အနောက်)ရပ်ကွက် အထက်ပန်းဆိုးတန်းလမ်း တိုက်အမှတ် ၈၄ နှင့် ၈၆ ကြားတွင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသူများက အများပြည်သူထိခိုက်စေရန် ရည်ရွယ်၍ လက်လုပ်မိုင်းကို အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် လမ်းဘေး၌ ရပ်တန့်ထားသော YGN-18 1E/7972 NISSAN TIIDA LATIO မော်တော်ယာဉ်တွင် ဝဲ/ယာဘက်မှန်တံခါး လေးချပ်နှင့် ယာဘက်ခြမ်းတံခါးများတွင် မိုင်းပေါက်ကွဲစများ ထိမှန်ခဲ့ရာ တန်ဖိုးငွေကျပ် ၁၈ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသူများကို ဖမ်းဆီးရမိရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက စဉ်ဆက်မပြတ် စုံစမ်းဖော်ထုတ်ခဲ့ရာ အကြမ်းဖက်မှုကိုမလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ပြစ်မှုကျူးလွန်သူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၀၅)ရပ်ကွက် စွယ်တော်လမ်း အမှတ်(၁၉၈)နေ ကြည်ကြည်ရွှေ (၃၇)နှစ် (ဘ)ဦးစိန်မြင့်နှင့် အခင်းဖြစ်ရပ်သို့ လိုက်ပါလာသည့် ၎င်း၏သားဖြစ်သူ မောင်လင်းလတ်ဟိန်း (ဘ)ဦးနိုင်လင်းတို့ နှစ်ဦးကို ဒီဇင်ဘာ ၂၄ ရက်မွန်းလွဲ ၂ နာရီခွဲတွင် ဗုံးဖောက်ခွဲရန် ခိုင်းစေသူ ကိုလင်း(ဖမ်းဆီးရန်ကျန်)မှ Kpay Account ဖြင့် ပေးအပ်သည့် ငွေကျပ် ၃၅၀၀၀၀ မှ သုံးစွဲပြီး ကျန်ငွေကျပ် ၂၄၅၀၀၀၊ ဖုန်း ၀၉-၇၅၁၁၄၂၈၄၁ နှင့် ၀၉-၆၉၄၂၂၅၄၄၀ နံပါတ်ပါ itel P65 အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ ပြစ်မှုကျူးလွန်စဉ် ကြည်ကြည်ရွှေ ဝတ်ဆင်ခဲ့သည့် ရှပ်အင်္ကျီလက်ရှည် တစ်ထည်၊ အနက်ရောင်လက်တို တီရှပ်အင်္ကျီ တစ်ထည်၊ CONVERSE စာတန်းပါ ခဲရောင်ဘောင်းဘီအရှည် တစ်ထည်၊ XAVIER DANAUD စာတမ်းပါ အနက်ရောင် အမျိုးသမီးကိုင် ဘေးလွယ်အိတ်တစ်လုံး၊ ပန်းရောင်ကွင်းထိုးဖိနပ် တစ်ရန်၊ ပြစ်မှုကျူးလွန်စဉ်က မောင်လင်းလတ်ဟိန်း ဝတ်ဆင်ခဲ့သည့် တီရှပ်အင်္ကျီ လက်တို တစ်ထည်၊ ဂျင်းဘောင်းဘီအရှည် တစ်ထည်၊ ကွင်းထိုး အပြာရောင် ဖိနပ်တစ်ရန်တို့နှင့်အတူ ၎င်းတို့၏ နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း (ပ)၉၄၃/၂၀၂၅၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ) ဖြင့် အမှုဖွင့် အရေးယူခဲ့သည်။



မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း (ပ)၉၄၃/၂၀၂၅၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၅၀(ဈ)အမှုမှ တရားခံ ကြည်ကြည်ရွှေ(၃၇) နှစ်၊ (ဘ)ဦးစိန်မြင့်နှင့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

**စစ်ဆေး**


စစ်ဆေး ဖော်ထုတ်ချက်အရ ကြည်ကြည်ရွှေသည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်း ရာဇသတ်ကြီးပုဒ်မ ၃၉၄/၃၄ အမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ်(၂၀) ကျခံနေသည့် ဒုတိယခင်ပွန်းဖြစ်သူ ဇော်လင်း(ခ)ဇော်ကြီးအား ထောင်ဝင်စာ သွားရောက်တွေ့ဆုံစဉ် ဇော်လင်း(ခ)ဇော်ကြီး၏ ဆက်သွယ်ပေးမှုအရ ကိုလင်း(ဖမ်းဆီးရန်ကျန်)ထံ Telegram မှတစ်ဆင့် ဆက်သွယ်ခဲ့ရာ ကိုလင်း(ဖမ်းဆီးရန်ကျန်) ၏ခိုင်းစေချက်အရ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံသို့သွားရောက်ကာ မန္တေ(ဖမ်းဆီးရန်ကျန်)ထံမှ လက်လုပ်ဗုံးပါအထုပ်တစ်ထုပ်အား ယူဆောင်ခဲ့ကြောင်း၊ အဆိုပါ လက်လုပ်ဗုံးအား မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (အနောက်) ရပ်ကွက် အထက်ပန်းဆိုးတန်းလမ်း တိုက်အမှတ်(၈၄) နှင့် (၈၆) တိုက်နှစ်လုံးကြားတွင် ချထားခဲ့ပြီး ကိုလင်း(ဖမ်းဆီးရန်ကျန်)ထံ Telegram မှတစ်ဆင့် ဆက်သွယ်ပြီးနောက် ဗုံးမှာ ပေါက်ကွဲသွားခဲ့ကြောင်း၊ ထို့နောက် Kpay Account ဖြင့် ၎င်းထံသို့ ငွေကျပ် ၃၅၀၀၀၀ အား သုံးကြိမ်ခွဲ၍ လွှဲပို့ပေးခဲ့ကြောင်း စစ်ဆေးသိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရာတွင် ပူးပေါင်းပါဝင်သူ ဖမ်းဆီးရန်ကျန် တရားခံများကို ဖမ်းဆီးရမိရေးနှင့် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း(၃)နယ်မြေအား ဖောက်ခွဲဖျက်ဆီးမှု။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ် လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

**■ ကျောဖုံးမှ**

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံး၊ သုံးထပ်အဆောက်အအုံ နှစ်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၉၉ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၄၉ လုံးကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းအပြင် KK Park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လက်ပံတန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးသူများအား One Stop Service ဖြင့် ဆောင်ရွက်ပေး

**လက်ပံတန်း ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေး ကတ်ပြား ပျောက်ဆုံး ပျက်စီးသူများအား ပန်းခင်းစီမံချက်အဆင့်(၃) အရ One Stop Service ဖြင့် ကတ်ပြားအသစ်ပြုလုပ်ခြင်းကို ဒီဇင်ဘာ ၂၃ ရက်က မြို့နယ်ခန်းမ၌ဆောင်ရွက်ပေးခဲ့သည်။



ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင် ပြည်သူ့အင်အား ဝန်ကြီးဌာနများ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်း

ထိုသို့ ဆောင်ရွက်နေမှုကို သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြတ်ထွဋ်နှင့် ဌာနဆိုင်ရာများ၊ လက်ပံတန်းမြို့နယ် မြေပြင်ကွင်းဆင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် ဌာနဆိုင်ရာများ တက်ရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ပံတန်းမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးလျှောက်ထားသူ ၃၄၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့မဈေးအတွင်းရှိ ဈေးသူ ဈေးသားများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးဘေးလုံခြုံမှုရှိစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂၃ ရက်က မြို့မဈေးအတွင်း၌ ပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

# တောင်ငူမြို့နယ်အတွင်း ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများနှင့် မဲရုံအလိုက်တာဝန်ထမ်းဆောင်ကြမည့်သူများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေး



**တောင်ငူ ဒီဇင်ဘာ ၂၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဦးအောင်မြင့်လွင်သည် တောင်ငူမြို့နယ်အတွင်း ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များ၊ မဲရုံအလိုက် တာဝန် ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ယနေ့နံနက်ပိုင်းက တောင်ငူမြို့ ခပေါင်းခန်းမ၌ တွေ့ဆုံ၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဦးအောင်မြင့်လွင်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အဖွဲ့ဝင်များက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီမံချက်များ၊ ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်မည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားပြီး ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များ၊ မဲရုံအလိုက် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများက အခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဦးအောင်မြင့်လွင်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး တာဝန်ခံ ဦးအောင်မြင့်လွင်နှင့် တာဝန်ရှိသူများသည် အမှတ် (၁၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ အမှတ် (၁၆) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့၌ တတိယအကြိမ် ထုတ်ပြန်ကြေညာထားသော မဲဆန္ဒရှင်စာရင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ လူဦးရေစာရင်းများ ကြေညာထားရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရန်တတိယအကြိမ် မဲဆန္ဒရှင် လူဦးရေစာရင်းများ ကြေညာခြင်းကို ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ ရပ်ကွက်အသီးသီးရှိ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာလျက်ရှိသည်။

မဲဆန္ဒရှင်လူဦးရေစာရင်းများ ကပ်ထားကြေညာထားသည့်နေရာများသို့ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်သန်း (ပြန်/ဆက်)**



# ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စဥ့်ကိုင် ဒီဇင်ဘာ ၂၅**

စဥ့်ကိုင်မြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မဲရုံတာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်က အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြီး လုပ်ငန်းတာဝန်များ ခွဲဝေချထားပေးသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးအောင်ဆန်းဦးက ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်၌ မဲပေးစက်များအား ဖြန့်ဝေဆောင်ရွက်နိုင်ရေး အကြိုဇာတ်တိုက်လေ့ကျင့်

**ကျိုက်ထို ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲပေးစက်များအား ဖြန့်ဝေဆောင်ရွက်နိုင်ရေး အကြိုဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းက နယ်မြေခံတပ်၌ ပြုလုပ်သည်။

ထိုသို့ဇာတ်တိုက်လေ့ကျင့်ရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များ ထုတ်ပေးမှု၊ သယ်ယူပို့ဆောင်မှု၊ ခင်းကျင်းပြင်ဆင်မှု၊ မဲရုံများအလိုက် လုံခြုံရေးအဖွဲ့များဆောင်ရွက်ထားရှိမှုတို့ကို အကြိုဇာတ်တိုက်လေ့ကျင့်ကြသည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်ရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးကံစောလှိုင်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး လှဦး၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရန်နောင်ကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**



# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှု ကွင်းဆင်းကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယမန်နေ့မွန်းလွဲပိုင်းက ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှု၊ မဲဆန္ဒရှင် ပြည်သူများက မဲစာရင်းများ လာရောက်ကြည့်ရှုမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် အဖွဲ့ဝင်များက အမှတ်(၈၉၊ ၉၀၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၁၆၈)ရပ်ကွက်ရုံးများသို့ သွားရောက်ပြီး တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုကို လာရောက်ကြည့်ရှုကြသည့် မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အတွင်းရှိ ရပ်ကွက်(၂၈)ရပ်ကွက်နှင့် ကျေးရွာလေးရွာတို့၌ ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ကပ်ထား ကြေညာမည်ဖြစ်ရာ မဲဆန္ဒရှင် စာရင်းများအား ပြည်သူများ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



# ရန်ကင်းမြို့နယ်၌ တတိယအကြိမ် မဲစာရင်းများ ထုတ်ပြန်ကြေညာပေးရာ ပြည်သူများ လာရောက်ကြည့်ရှု

**ရန်ကင်း ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် တတိယအကြိမ် မဲဆန္ဒရှင်စာရင်း အသိပေးထုတ်ပြန်ကြေညာခြင်းကို ဒီဇင်ဘာ ၂၃ ရက်မှစတင်ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများရှိ သတ်မှတ်နေရာများတွင် ထုတ်ပြန်ကြေညာပေးထားရာ ဒေသခံပြည်သူများက စိတ်ဝင်တစား လာရောက်ကြည့်ရှုခဲ့ကြသည်။

တတိယအကြိမ်(နောက်ဆုံးအကြိမ်)ထုတ်ပြန်ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းများကို ပြည်သူများ မဲစာရင်းတွင် ပါဝင်ခြင်းရှိ/မရှိ သိရှိနိုင်ရန် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ထုတ်ပြန်ကြေညာထားရှိမည်ဖြစ်ကြောင်းသိရပြီး သက်ဆိုင်ရာ နယ်မြေအလိုက် ထုတ်ပြန်ကြေညာပေးထားသော မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများက မိမိတို့အမည်မဲစာရင်းတွင် ပါ၊ မပါ စိတ်ဝင်တစား လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

**လှလှထွေး**

# ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ငုက္ခလေးကျေးရွာအနီးတွင် တည်ထားကိုးကွယ်တော်မူသော ရာဇအောင်မြေစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပူဇော်၍ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာအုပ်စု ငုက္ခလေးကျေးရွာအနီးတွင် တည်ထားကိုးကွယ်တော်မူသော ရာဇအောင်မြေစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပူဇော်၍ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့ ဓမ္မိကာရာမတိုက် ရတနာပုံကျောင်း၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ အမှူးပြု၍ ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝတ်အသင်းများ၊ စေတနာရှင်အလှူရှင်များ၊ ဧည့်ပရိသတ်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်



အကျိုးတော်ဆောင် မန္တလေးမြို့ ဓမ္မိကာရာမတိုက် ရတနာပုံကျောင်း၏ ဦးစီးပဓာန နာယကဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့ ဝိဘဇ္ဇဝါဒီကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသာဘိဝံသထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပင့်ဆောင်ပူဇော်ကြသည်။ ဆက်လက်၍ မင်္ဂလာအချိန်တော်၌ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကာ တင်လှူပူဇော်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက "ဇယန္တော ဗောဓိယာမူလေ" အစရှိသော ဂါထာအား သုံးကြိမ် ရွတ်ဖတ်ပူဇော်ကြပြီး ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနား ဆက်လက်ကျင်းပ၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကာ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့် တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြွရောက်လာသော ဆရာတော်ကြီးများ၊ ဆရာတော်သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ မျက်ပါးရွှေသင်္ကန်း ကပ်လှူပူဇော်

**တောင်ငူ ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ခုနစ်ရက်သားသမီးများ၏ လှူဒါန်းမှုဖြင့် ယနေ့ နံနက်ပိုင်းက လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်း ကပ်လှူပူဇော်လျက်ရှိသည်။

ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ထီးတော်၊ ခေါင်းလောင်းတော်ကြီးနှင့် လုံးတော်ပြည့်မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ပါဝင်လှူဒါန်းလိုသည့် စေတနာရှင်အလှူရှင်များသည် နှစ်လက်မပတ်လည်အရွက် ၁၀၀ ပါ ရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ် ၃၄၀၀၀၀၊ ရွှေဆိုင်းတစ်ဝက်လျှင် ငွေကျပ် ၁၇၀၀၀၀ ကျပ်တို့ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**❍ MNL မှ**

ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။ ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်း သရေကျခဲ့သဖြင့် ရှမ်းယူနိုက်တက်အသင်း သုံးမှတ်ဖြတ် ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၉) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၂၅ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၂၂ မှတ်၊ ရတနာပုံအသင်းက ၁၇ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၅ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၄ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၂ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းက ၁၁ မှတ်စီ၊ ရခိုင်ယူနိုက်တက်အသင်းက ကိုးမှတ်၊ သစ္စာအားမာန်အသင်းက ရှစ်မှတ်၊ Dagon Port အသင်းက ငါးမှတ်၊ ရာမညယူနိုက်တက်အသင်းက နှစ်မှတ်ရရှိထားသည်။ **သတင်း–ရှိုင်းထက်ဇော်**
**ဓာတ်ပုံ–SUFC**

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်တို့၏ သက်ကြီးဝါရင့်အားကစားကလောင်ရှင်များအား ကန်တော့ငွေများပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်တို့၏ သက်ကြီးဝါရင့်အားကစားကလောင်ရှင်များအား ၂၀၂၅ ခုနှစ်အတွက် ကန်တော့ငွေများကို ယနေ့ နံနက်ပိုင်းတွင် ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (ဘားလမ်း) ရှိ အားကစား ဆောင်းပါးရှင် ထွန်းထွန်း (ဝိဇ္ဇာ/သိပ္ပံ) ရုံးခန်း၌ ပေးအပ်သည်။

ကန်တော့ငွေများ ပေးအပ်ရာတွင် ရန်ကုန်မြို့ရှိ သက်ကြီးဝါရင့် အားကစားကလောင်ရှင် ကိုးဦး၊ မန္တလေးမြို့ရှိ သုံးဦး၊ ရန်ကုန်မြို့ရှိ ကျန်းမာရေးမကောင်းသူ လေးဦး၊ ယခုနှစ်အတွက် ကလောင်ရှင်ကြီး ၁၆ ဦးကို တစ်ဦးလျှင် ငွေကျပ် သုံးသိန်းစီ ကန်တော့ခဲ့ကြောင်း သိရသည်။ **ဗလ**



## မော်လမြိုင်ကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေး



လုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၉ ရက်တွင် မြို့နယ်အတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းခွင်များနှင့် စားသောက်ဆိုင်များတွင် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဦးဌာနမှ ဦးစီးမှူး ဦးမျိုးဇော်နှင့်တပ်ဖွဲ့ဝင်များက လျှပ်စစ်မီးစနစ်တကျ ကိုင်တွယ်အသုံးပြုရေး၊ မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေအိတ်၊ မီးသတ်ဆေးဘူးနှင့် ရေပုံးများအသင့်ထားရှိရန်၊ မီးလောင်မှုဖြစ်ပွားပါက အချိန်မီသတင်းပေးပို့ကြရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို ပြောကြားခဲ့ပြီး တာဝန်ရှိသူများက စစ်ဆေးခဲ့ကြောင်း သိရသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

## ကန်ကြီးထောင့်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး လှည့်လည်နှိုးဆော်သတိပေး

**ကန်ကြီးထောင့် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို ဒီဇင်ဘာ ၂၄ ရက် ညပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနက လိုက်လံဆောင်ရွက်သည်။

ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးကိုစနစ်တကျသုံးစွဲရမည့် အချက်များနှင့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်နှင့် မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ်ဖုန်း ၁၉၁၊ ကန်ကြီးထောင့်မြို့နယ် မီးသတ်စခန်းဖုန်း ၀၄၂–၄၅၂၁၁ တို့သို့



ချက်ချင်းဆက်သွယ်သတင်းပို့ကြရန် အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။ **မိုးဟိန်းထက်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ သွားရောဂါ ကွင်းဆင်းကုသ

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သွားရောဂါကွင်းဆင်းကုသမှုကို ယမန်နေ့က မြို့နယ်ခန်းမ၌ ဆောင်ရွက်သည်။



အဆိုပါသွားရောဂါများကုသပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ သွားရောဂါအတိုင်ပင်ခံ အထူးကုဆရာဝန်ကြီး (SCS) ဒေါက်တာဥမ္မာခင် ဦးဆောင်သော သွားနှင့် ခံတွင်းဆေးရုံ (သာကေတ)နှင့် သွားနှင့် ခံတွင်းအထူးကုဌာန (တက္ကသိုလ်များဆေးရုံ၊ ရန်ကုန်)တို့မှ သွားဘက်ဆိုင်ရာဆရာဝန်များက ကွင်းဆင်းဆောင်ရွက်ကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးမူယာကျော် ဦးဆောင်သော အဖွဲ့မှ အထွေထွေရောဂါလူနာများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်အတွင်း သွားရောဂါခံစားနေရသော ပြည်သူများအား သွားနှင့်ခံတွင်းဆေးရုံ (သာကေတ)မှ လက်ထောက်ဆရာဝန် ဒေါက်တာနွေးနွေးထက်က သွားဖွဲ့စည်းတည်ဆောက်ပုံ၊ သွားဖုံးရောဂါ စတင်ဖြစ်ပွားလာပုံနှင့် သွားပိုးစားခြင်းရောဂါများ အကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး သွားနှင့်ခံတွင်း အထူးကုဌာန(တက္ကသိုလ်များဆေးရုံ၊ ရန်ကုန်)မှ လက်ထောက် ဆရာဝန်ဒေါက်တာ ကျော့ကလျာကိုက ခံတွင်းကင်ဆာအဖြစ်များစေသော အကြောင်းရင်းများ၊ စနစ်မှန်သွားတိုက်နည်းများကို အသိပညာပေးဟောပြော သရုပ်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မကွေးမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အလံများ လွှင့်ထူ

မကွေး ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်အလံများ လွှမ်းခြုံနေစေရေးအတွက် အဓိကမိန်းလမ်းမကြီးများနှင့် မြို့ပေါ်ရပ်ကွက်များတွင် နိုင်ငံတော်အလံများ လွှင့်ထူလျက်ရှိသည်။

မကွေးမြို့ မြို့အဝင်မုခ်ဦးနှင့် အထက(၁)လမ်းနှင့် လမ်းငါးသွယ်အဝိုင်း၊ ဗိုလ်ချုပ်လမ်းတစ်လျှောက်၊ ရောဝတီတံတား (အဝိုင်း)၊ မြို့ပေါ် လမ်းမကြီးများနှင့် ရုံး၊ ဌာန၊ နေအိမ်များ၊ ကျောင်းများ၊ စက်ရုံ/အလုပ်ရုံများအားလုံးတွင် နိုင်ငံတော်အလံများ လွှင့်ထူလျက်ရှိပြီး ရောင်စုံမီးများလည်း ထွန်းညှိလျက်ရှိကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**



# ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေ ပေးအပ်

ပုသိမ် ဒီဇင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။




ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားခဲ့ပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ထောက်ပံ့ငွေပေးအပ်မှု စိစစ်ရေးအဖွဲ့ ခေါင်းဆောင်များထံ ထောက်ပံ့ငွေများကို လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားတွင် ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ သုံးလစာအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်း သုံးလစာအတွက် ၆၀၀၀၀ နှုန်းဖြင့် လူဦးရေ ၇၃၆၇ ဦးအား စုစုပေါင်း ငွေကျပ် ၄၄၂၀၂၀၀၀၀ ကို ကွင်းဆင်းစိစစ်ရေးအဖွဲ့ဖြင့် မြေပြင်ကွင်းဆင်းစိစစ် ထောက်ပံ့သွားမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က အသက် (၁၈) နှစ်အထက် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား တစ်ဦးလျှင် ဆန်တစ်ပြည်၊ ဆီ ၅၀ ကျပ်သားနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဝမ်းတွင်းမြို့နယ်၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အကျိုးခံစားခွင့် ပေးအပ်

ဝမ်းတွင်း ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အမှတ်(၇) အထည်စက်ရုံခွဲမှ မန္တလေးငလျင်ဒဏ်ကြောင့် အာမခံအလုပ်သမားအား အလုပ်တွင် ထိခိုက်ဒဏ်ရာရ၍ ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီက တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက အဖွင့်အမှာစကားနှင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများ၊ အာမခံအလုပ်သမားများ ခံစားရမည့်အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက အမှတ်(၇)အထည်စက်ရုံခွဲမှ အာမခံအလုပ်သမား ဦးရဲထွဋ်ကျော်အား လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် အမြဲတမ်း မသန်းစွမ်းမှုအကျိုးခံစားခွင့် ငွေကျပ် ၆၃၅၀၄၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဌေးလှိုင်(ဝမ်းတွင်း)**



# ရေတာရှည်မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေး

ရေတာရှည် ဒီဇင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ရေတာရှည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးပျက်စီးသူများအား ပန်းခင်းစီမံချက် (၃) အရ One Stop Service ဖြင့် နေ့ချင်းပြီး ပြုလုပ်ပြီး Biometric (UID) ကတ်ပြားအသစ်ပြုလုပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ရုံးခန်းမ၌ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဝင်း၊ မြို့နယ်ဦးစီးမှူး ဦးမင်းညီညီထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ရေတာရှည်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးပျက်စီးလျှောက်ထားသူ ၂၆၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘီးလင်းမြို့နယ်၌ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသ

ဘီးလင်း ဒီဇင်ဘာ ၂၅

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဘိုးရာဇာရပ်ကွက် မင်္ဂလာဈေးရှေ့၌ ပြုလုပ်သည်။



ဦးစွာ ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်လင်းဦးက ဈေးသူ ဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ပုံများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပုံများကို လက်တွေ့သရုပ်ပြသည်။

အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၂) ဦးအောင်ချိုဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းတင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝဿာန်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဈေးသူ ဈေးသားများက မီးငြိမ်းသတ်ပုံများနှင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ပုံများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မဲရုံများ၌ ပြည်သူများ ဘေးကင်းလုံခြုံစွာမဲပေးနိုင်ရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ်အတွင်းရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးခဲ့သည်။



ယင်းသို့စစ်ဆေးရာတွင် မဲရုံလုံခြုံရေးဆိုင်ရာများ၊ မီးဘေးအန္တရာယ် ကင်းဝေးစေရေး မီးသတ်ဆေးဘူးများ ထားရှိရန် ကိစ္စရပ်များ၊ မဲဆန္ဒရှင်ပြည်သူများ ခေတ္တ နားခိုနေရာ စီစဉ်ဆောင်ရွက်ပေးရန် ကိစ္စရပ်များအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးရဲဝင်းထွန်း၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးချစ်ဆောင်၊ လက်ထောက်မြို့နယ်ပညာရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်းစိန်၊ သန္နေမီးသတ် တပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက် စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးလှခိုင်၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် ခရိုင်/မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများသည် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေမှ ကျပ် ၃၄၅ သန်းဖြင့် ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်း ဒါန့်ကျင်းကျေးရွာအဝင်လမ်းပေါ်တွင် အရှည် ပေ ၁၅၀၊ အကျယ် ပေ၂၀ ရှိ ရေကျော် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး အင်ဂျင်နီယာချုပ် ဦးလှခိုင်က လုပ်ငန်းအား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။



**ဒီပါလင်း**

## မိတ္ထီလာခရိုင် လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၂၅

မိတ္ထီလာခရိုင်၏ လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ပန်းလေပြေ ဟိုတယ်ခန်းမ၌ ကျင်းပသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေပြု MSME ဖွံ့ဖြိုးရေး၊ အသက်အရွယ် အပိုင်းအခြားအလိုက် လူဦးရေများ၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ၊ စက်မှုဇုန်နှင့် စက်ရုံအလုပ်ရုံများ၊ MSME လုပ်ငန်းများဆောင်ရွက်မှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက် လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းမှုအခြေအနေနှင့် ကုန်စည်ဒိုင် တွေ့ကြုံနေရသော စိန်ခေါ်မှုများနှင့် ရရှိနိုင်သော အခွင့်အလမ်းများကို လေ့လာခြင်း၊ ခရိုင်အတွင်းလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအပေါ် လျှပ်စစ်ကဏ္ဍ၏ အထောက်အကူပြုမှုအခြေအနေကို လေ့လာခြင်း၊ ကျေးလက်နေ လူမှုဘဝအခြေအနေနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေး၊ လက်ရှိမြေအသုံးချမှု၊ ရေရရှိမှုနှင့် ရာသီဥတုအခြေအနေပြောင်းလဲလာမှု၊ ခရိုင်၏ ကဏ္ဍအလိုက် ထုတ်လုပ်မှုနှင့် စုစုပေါင်း ထုတ်ကုန်တွင်ပါဝင်မှုအခြေအနေကို လေ့လာဆန်းစစ်ခြင်းစသည့် ကဏ္ဍအလိုက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ မြသန္တာနှင့် ပါမောက္ခ/ဌာနမှူးများနှင့် မိတ္ထီလာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သည့်အဖွဲ့ ၁၀ ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များက ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို တတိယ အကြိမ်မြောက် အပြီးသတ်ကျင်းပခြင်းဖြစ်ပြီး ဩဂုတ် ၅ ရက်တွင် ပထမအကြိမ်နှင့် အောက်တိုဘာ ၂၁ရက်တို့တွင် ဒုတိယအကြိမ် ကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲများ ပြီးနောက် ဆွေးနွေး လေ့လာတွေ့ရှိချက်များကို အခြေခံ၍ သုတေသနစာတမ်း အပြီးသတ် ပြုစုတင်ပြနိုင်ရေး ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ပခုက္ကူမြို့၌ မဲရုံဖွင့်လှစ်မည့်နေရာများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ပခုက္ကူ ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံများ ဖွင့်လှစ်ရန်လျာထားသည့် နေရာများပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲအရာရှိ ဒေါ်ချိုခိုင်ဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ခင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ စုပေါင်း၍ ပခုက္ကူမြို့ပေါ်ရပ်ကွက်များ၌ မဲရုံဖွင့်လှစ်ရန်လျာထားသည့် နေရာများသို့ကွင်းဆင်းပြီး မဲရုံနှင့်ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှု၊ ပြည်သူများဆန္ဒမဲပေးရာတွင် အဆင်ပြေချောမွေ့စေရေး ပြင်ဆင်ထားရှိမှုများ၊ လုံလောက်သောအလင်းရောင်နှင့် လျှပ်စစ်မီးရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။



**ကယ်ရီမောင်**



## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ အသိပညာပေး

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ သန့်ရှင်းသောရေ စဉ်ဆက်မပြတ်ရရှိရေး၊ စနစ်တကျအသုံးပြုရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေးတို့အတွက် အသိပညာပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဖြိုးဝေမောင်နှင့်ဝန်ထမ်းများ၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းမှုဆိုင်ရာ လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေအိမ်များတွင် သန့်ရှင်းသော ရေသုံးစွဲနေမှုရှိမရှိ၊ သွယ်တန်းထားသော ရေပိုက်များ ကောင်းမွန်ခြင်း ရှိ မရှိ၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများနှင့် ရန်ကုန်မြို့ရေပေးဝေပုံအဆင့်ဆင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ရပ်ကွက်ပေါင်း ၄၄ ရပ်ကွက်ရှိသည့်အနက် ရပ်ကွက်ပေါင်း ၂၇ ရပ်ကွက်ရှိ အိမ်ထောင်စုပေါင်း ၂၈၅၀၀ အား ရေပေးဝေနိုင်၍ မြို့နယ်တစ်မြို့နယ်လုံး၏ သွယ်တန်းထားရှိသောပိုက်လိုင်းများအား သန့်ရှင်းစွာဖြင့် ရေလုံလောက်စွာ သုံးစွဲလျက်ရှိပြီး ရေစစ်ကန်များကို တစ်နှစ်လျှင်တစ်ကြိမ် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဓာတုဗေဒဆိုင်ရာ နည်းပညာများစစ်ဆေးခြင်း၊ ရေပိုက်များ ပေါက်ပြဲမှုမရှိစေရေး စစ်ဆေးခြင်းနှင့် ပေါက်ပြဲမှုရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာဌာနနှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပြည်သူများအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမျိုးအောင်(ပြန်/ဆက်)**



## ကော့မှူးမြို့၌ ဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

ကော့မှူး ဒီဇင်ဘာ ၂၅

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် အောင်ဇမ္ဗူအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် (၂) ဦးဝင်းထွန်းနိုင်က ပြိုင်ပွဲဝင်အသင်းငါးသင်းမှ ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ(ခ)ဘောလုံးအသင်းနှင့် ဌာနဆိုင်ရာ(င) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဌာနဆိုင်ရာ(င)အသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

# မွေးနေ့နှင့် ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆင်ခြင်ခြင်း

မွေးနေ့ဆိုတာ ကိတ်မုန့်တွေ၊ လက်ဆောင်တွေနဲ့ ပျော်ရွှင်ရုံသက်သက်မဟုတ်ပါဘူး။ ကိုယ့်ဘဝရဲ့တန်ဖိုးတွေကို ပြန်သုံးသပ်ပြီး အနာဂတ်အတွက် ပိုကောင်းတဲ့လမ်းကြောင်းကို ရေးဆွဲဖို့ ပေးအပ်တဲ့ ဘဝမှတ်တိုင်ကြီးတစ်ခုပါခင်ဗျာ။

မွေးနေ့တိုင်း ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်သုံးသပ်ခြင်းဟာ ရင့်ကျက်ပြီး တာဝန်ယူတတ်တဲ့ လူတစ်ယောက်ရဲ့ အလေ့အကျင့်ကောင်းဖြစ်တဲ့အတွက် ပိုမိုအဓိပ္ပာယ်ရှိပြီး ပျော်ရွှင်တဲ့ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ဖို့ မမေ့မလျော့ဘဲ လုပ်ဆောင်သင့်ပါတယ်။

မွေးနေ့ဆိုတာ ရိုးရိုး အသက်တစ်နှစ် ကြီးသွားတာထက် ပိုပါတယ်။ ကျွန်တော်တို့ရဲ့ ဘဝခရီးလမ်းကို ပြန်ပြီးသေသေချာချာ စဉ်းစားသုံးသပ်ဖို့ သဘာဝကပေးလိုက်တဲ့ အခွင့်အရေးတစ်ခုလို့ ပြောလို့ရပါတယ်။

တစ်နှစ်တာ ကုန်ဆုံးသွားတိုင်းမှာ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ပြီး *"ငါ ဘာတွေ လုပ်ခဲ့ပြီးပြီလဲ"* လို့ ဆင်ခြင်တာဟာ စိတ်ဓာတ်ခွန်အားအတွက်ရော၊ ရှေ့ဆက်လျှောက်ရမယ့် ဘဝခရီးလမ်းအတွက်ပါ အရေးကြီးတဲ့ အလေ့အကျင့်ပါ။ ဒီလိုလုပ်ခြင်းအားဖြင့် လက်ရှိဘယ်လို ကိုယ်ရပ်တည်နေလဲဆိုတာနဲ့ ကိုယ်အောင်မြင်ခဲ့တာတွေ၊ မှားခဲ့တာတွေ၊ ရှေ့ဆက်မယ့်ပန်းတိုင်တွေကို ရှင်းရှင်းလင်းလင်းမြင်လာရပါတယ်။

**ပြီးခဲ့တဲ့နှစ်ကို ပြန်ကြည့်ပြီး သင်ခန်းစာယူခြင်း**

မွေးနေ့မှာဆင်ခြင်တဲ့အခါ အရင်ဆုံး ပြီးခဲ့တဲ့တစ်နှစ်မှာ ကိုယ်ဘာတွေ အောင်မြင်ခဲ့လဲဆိုတာကို စဉ်းစားသင့်ပါတယ်။ ဒီအောင်မြင်မှုတွေဟာ ကျောင်းမှာ ထူးချွန်တာမျိုး၊ အတတ်ပညာအသစ်တွေ တတ်မြောက်တာမျိုး ဒါမှမဟုတ် လူမှုရေးမှာ ကောင်းတာတွေ လုပ်နိုင်ခဲ့တာမျိုးဖြစ်နိုင်ပါတယ်။

အောင်မြင်မှုဆိုတာ ပညာရေး၊ ငွေကြေး၊ ရာထူးကိုပဲ ပြောတာမဟုတ်ပါဘူး။ စိတ်ချမ်းသာတာ၊ မိသားစုအေးချမ်းတာ စတဲ့ ကိုယ်ပိုင်တန်ဖိုးတွေ ပြည့်စုံမှု ရှိ၊ မရှိကိုပါ အဓိကထားပြီး သုံးသပ်သင့်ပါတယ်။

ဒ့ါအပြင် ကိုယ်မှားခဲ့တဲ့ အရာတွေ၊ လွဲချော်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေကိုလည်း ရိုးသားစွာဝန်ခံပြီး ပြန်ကြည့်ရပါမယ်။ အမှားဆိုတာ အတွေ့အကြုံပါပဲ။ အဲဒီအမှားတွေကနေ နောင်အတွက် ဘယ်လို သင်ခန်းစာယူမလဲဆိုတာက အရေးကြီးဆုံးပါ။ ကိုယ်မှားခဲ့တဲ့ ဆုံးဖြတ်ချက်တွေ၊ ဘဝရပ်တည်ချက်တွေ ရှိခဲ့ရင်လည်း အခုပဲပြန်ချိန်ညှိဖို့ သင့်ပါတယ်။

**ရှေ့ဆက်မယ့်ခရီးနဲ့ အချိန်ကို စနစ်တကျ စီမံခန့်ခွဲခြင်း**

ဒီလိုဆင်ခြင်သုံးသပ်ပြီးရင်တော့ ရှေ့ဆက်မယ့် ဘဝခရီးကို ဘယ်လိုစီမံခန့်ခွဲမလဲဆိုတဲ့အပိုင်းကို ရောက်လာပါပြီ။ ကိုယ့်ရဲ့ ကျန်းမာရေးနဲ့ စွမ်းရည်တွေကိုမြှင့်တင်ပြီး ဘယ်လို ပန်းတိုင်တွေဆီကို ရောက်အောင်သွားမယ်ဆိုတာကို သတ်မှတ်ရပါမယ်။

# Let's Write in English daily, young ones.

# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...



**စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)**

အရေးအကြီးဆုံးကတော့ ကျန်ရှိတဲ့အချိန်တွေကို ဘယ်လို အကျိုးရှိရှိ သုံးမလဲဆိုတဲ့ အချိန်စီမံခန့်ခွဲမှုပဲ ဖြစ်ပါတယ်။ ကိုယ်တကယ်လုပ်ချင်တဲ့ အရာတွေ၊ မိသားစုနဲ့အတူရှိရမယ့်အချိန်တွေ၊ ပညာဆက်လက်ရှာမှီးဖို့ အချိန်တွေကို ဦးစားပေးအလိုက် စီစဉ်ရပါမယ်။ ပြီးခဲ့တဲ့နှစ်က မပြောင်းလဲနိုင်ခဲ့တဲ့ အကျင့်ဆိုးတွေကို သင်ခန်းစာယူပြီး လာမယ့်နှစ်မှာ ပိုကောင်းတဲ့ ဘဝပုံစံနဲ့ အပြုအမူတွေကို ကျင့်သုံးဖို့ စိတ်ပိုင်းဖြတ်ရပါမယ်ခင်ဗျာ။

**Writing practice**

၁။ မွေးနေ့ဆိုတာ **ရိုးရိုးအသက်တစ်နှစ် ကြီးသွားတာထက် ပိုပါတယ်။**
A birthday is more than just getting older.

၂။ မွေးနေ့တိုင်း ကိုယ့်ဘဝရဲ့ တန်ဖိုးတွေကို ပြန်သုံးသပ်ပြီး **အနာဂတ်အတွက် ပိုကောင်းတဲ့လမ်းကြောင်းကိုရေးဆွဲဖို့** ပေးအပ်တဲ့ **ဘဝမှတ်တိုင်ကြီး** တစ်ခုဖြစ်ပါတယ်။
Your birthday is a special time to think about important things and plan for a better future.

၃။ တစ်နှစ်တာ ကုန်ဆုံးသွားတိုင်းမှာ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ပြီး **"ငါ ဘာတွေလုပ်ခဲ့ပြီးပြီလဲ"** လို့ ဆင်ခြင်တာဟာ စိတ်ဓာတ်ခွန်အားအတွက်ရော၊ ရှေ့ဆက်လျှောက်ရမယ့် ဘဝခရီးလမ်းအတွက်ပါ အရေးကြီးတဲ့ အလေ့အကျင့်ပါ။
Thinking about what you did this year helps you feel strong and know what to do next.

၄။ ဒီလိုလုပ်ခြင်းအားဖြင့် ကိုယ်အောင်မြင်ခဲ့တာတွေ၊ မှားခဲ့တာတွေ၊ လက်ရှိဘယ်လို ရပ်တည်နေလဲဆိုတာနဲ့ ရှေ့ဆက်မယ့် ပန်းတိုင်တွေကို ရှင်းရှင်းလင်းလင်း မြင်လာရပါတယ်။
It helps you see your wins, your mistakes, and your goals clearly.

၅။ အောင်မြင်မှုဆိုတာ ပညာရေး၊ ငွေကြေး၊ ရာထူးကိုပဲ ပြောတာမဟုတ်ဘဲ **စိတ်ချမ်းသာတာ၊ မိသားစုအေးချမ်းတာ စတဲ့ ကိုယ်ပိုင်တန်ဖိုးတွေ ပြည့်စုံမှု ရှိ၊ မရှိကိုပါ အဓိကထားပြီး သုံးသပ်သင့်ပါတယ်။**
Success isn't just about school or money or position (status/rank). It's also about being happy and having a peaceful family.

၆။ ကိုယ်မှားခဲ့တဲ့ အရာတွေ၊ လွဲချော်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေကိုလည်း ရိုးသားစွာဝန်ခံပြီး ပြန်ကြည့်ရပါမယ်။ **အမှားဆိုတာ အတွေ့အကြုံပါပဲ။ အဲဒီအမှားတွေကနေ နောင်အတွက် ဘယ်လိုသင်ခန်းစာယူမလဲဆိုတာက အရေးကြီးဆုံးပါ။**
It's okay to look at your mistakes with a truthful eye! Mistakes are just lessons, and learning from them is the most important part.

၇။ အရေးအကြီးဆုံးကတော့ ကျန်ရှိတဲ့အချိန်တွေကို ဘယ်လို အကျိုးရှိရှိသုံးမလဲဆိုတဲ့ **အချိန်စီမံခန့်ခွဲမှု**ပဲ ဖြစ်ပါတယ်။
The most important thing is to use your time wisely, so you do helpful things.

၈။ မွေးနေ့တိုင်း ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်သုံးသပ်ခြင်းဟာ **ရင့်ကျက်ပြီး တာဝန်ယူတတ်တဲ့ လူတစ်ယောက်ရဲ့ အလေ့အကျင့်ကောင်း** ဖြစ်ပါတယ်။
Thinking about yourself on your birthday is a great habit that helps you be happy and a responsible person.

# စာမဆန်သော အမှားများ

**လှသမိန်**

မြန်မာဘာသာတွင် **ပြောစကားနှင့် ရေးဟန်တို့**သည် သဒ္ဒါနည်းမကွဲပြားသော်လည်း စကားလုံးအချို့ ကွဲလွဲစွာသုံးနှုန်းကြရသဖြင့် ကွဲပြားခြားနားလေသည်။ အထူးသဖြင့် အဖြည့်အဆက်စကားလုံး ပိုများသည်။ ကွဲလွဲကြသည်။ စကားပြောသောအခါ စကားဟန်ကို သုံးနှုန်း၍ စာရေးသည့်အခါ စာဟန်ကိုသာ သုံးနှုန်းပေသည်။

စာထဲတွင် စကားပြောခန်းများ၊ ဟောပြောချက်များ၊ ကောက်နုတ်ချက်စကားများ ပါရှိသောအခါ စကားဟန်ကိုညှပ်၍ ရေးရိုးရေးစဉ်စာသားကို စာဟန်ဖြင့်သာ ရေးရပေသည်။ စာအုပ်စာတမ်း၊ ရုံးသုံးနှင့် လုပ်ငန်းဆိုင်ရာအပြင် ကျောင်းသင်ဘာသာရပ်များနှင့် စာစီစာကုံးအထိ စာသွားဟန်နှင့်သာ ရေးရပေသည်။ စာသားရေးရာ၌ စကားဟန်များ ရောယှက်နေခြင်းမှာ စာရေးမကျွမ်းကျင်ကြောင်း ပြသကဲ့သို့ဖြစ်သည်။ ထို့ကြောင့် စာသားမဆန်သော ရေးဟန်အမှားမျိုးကိုလည်း သတိပြု၍ ပြင်ဆင်ရန် လိုအပ်ပေသည်။ အောက်တွင် စာသားဟန်မဆန်သော အမှားအချို့ကို ပြင်ဆင်ဖော်ပြထားသည်။

**အမှား။** စစ်ရေးအခြေသာမှုသည် **ဟိုဘက်ရောက်လိုက်၊ သည်ဘက်ရောက်လိုက်** ဖြစ်နေသည်။
**အမှန်။** စစ်ရေးအခြေသာမှုသည် **တစ်ဖက်မှတစ်ဖက်သို့ တစ်ပြန်စီကူးလူး**၍ နေသည်။
**အမှား။** သူသည် စာမေးပွဲရှုံးသည်၊ **တကယ်တော့** ဖျင်း၍ကား မဟုတ်ပေ။
**အမှန်။** သူသည် စာမေးပွဲရှုံးသည်၊ **စင်စစ်အားဖြင့်** ဖျင်း၍ကား မဟုတ်ပေ။
**အမှား။** ကျောင်းသား**အကုန်လုံး** စာမေးပွဲအောင်ကြသည်။
**အမှန်။** ကျောင်းသား**အားလုံး** စာမေးပွဲအောင်ကြသည်။
**အမှား။** သူ စာကြိုးစားပေသည်။ **ဒါပေမဲ့** စာမေးပွဲမအောင်ခဲ့ချေ။
**အမှန်။** သူ စာကြိုးစားပေသည်။ **သို့ရာတွင်** စာမေးပွဲမအောင်ခဲ့ချေ။
**အမှား။** သူ၏ဇနီးမှာ **အင်မတန်မှ** ချောမောသောမိန်းမတစ်ယောက်ဖြစ်သည်။
**အမှန်။** သူ၏ဇနီးမှာ **အလွန်ပင်** ချောမောလှပေသော မိန်းမတစ်ယောက် ဖြစ်သည်။
**အမှား။** သူက ဝမ်းသာသည်၊ **နောက်ပြီး** ကျေနပ်လည်း ကျေနပ်သည်။
**အမှန်။** သူက ဝမ်းသာသည်၊ **ထို့ပြင်** ကျေနပ်လည်းကျေနပ်သည်။
**အမှား။** မိန်းကလေးသည် စာပေကိုမြတ်နိုးသည်။ **ဒါကိုတော့** နှစ်သက်ရပေသည်။
**အမှန်။** မိန်းကလေးသည် စာပေကို မြတ်နိုးသည်။ **ဤသည်ကိုကား** နှစ်သက်ရပေသည်။
**အမှား။** အလုပ်သမားသည် တစ်နေကုန်ကြိုးပမ်းသည်။ **တကယ်လို့** မကြိုးပမ်းလျှင်လည်း ငတ်ပေတော့မည်။
**အမှန်။** အလုပ်သမားသည် တစ်နေကုန်ကြိုးပမ်းသည်။ **အကယ်၍** မကြိုးပမ်းလျှင်လည်း ငတ်ပေတော့မည်။
**အမှား။** သူပြော**သလိုဆိုလျှင်** အကုန်အကျများလိမ့်မည်။
**အမှန်။** သူပြော**သည့်အတိုင်း**ဆိုလျှင် အကုန်အကျများလိမ့်မည်။
**အမှား။** ယမန်နှစ်က အထွက်များခဲ့၏၊ ယခုနှစ်**ကျတော့** အထွက်နည်းသွားလေသည်။
**အမှန်။** ယမန်နှစ်က အထွက်များခဲ့၏၊ ယခုနှစ်**တွင်မူကား** အထွက်နည်းသွားလေသည်။
**အမှား။** သူတို့ပျော်ကြသောကြောင့် မော**ရမှန်းတောင်** မသိကြတော့ချေ။
**အမှန်။** သူတို့ပျော်ကြသောကြောင့် မော**ရမည်ကိုပင်** မသိကြတော့ချေ။
**အမှား။** မူလက သူ ကျွန်တော့်ကို **ဒါလောက်ပဲ**ခင်မင်လိမ့်မည်ဟု မမျှော်လင့်ခဲ့ချေ။
**အမှန်။** မူလက သူ ကျွန်တော့်ကို **ဤမျှလောက်** ခင်မင်လိမ့်မည်ဟု မမျှော်လင့်ခဲ့ချေ။
**အမှား။** ဤစာအုပ်ကို ကျောင်းသား**တွေ**သာမက အလုပ်သမား**တွေ**ပါ ဖတ်သင့်သည်။
**အမှန်။** ဤစာအုပ်ကို ကျောင်းသား**များ**သာမက အလုပ်သမား**များ**ပါ ဖတ်သင့်သည်။
**အမှား။** စာအုပ်ကို ကလေးသည် **သူ့ဟာသူ** ဖတ်နိုင်သည်။
**အမှန်။** စာအုပ်ကို ကလေးသည် **မိမိဘာသာ** ဖတ်နိုင်သည်။
**အမှား။** ဆိုင်ရှင်သည် ဝယ်သူများ **နှစ်သက်မလား၊ မနှစ်သက်ဘူးလား**ဟု ကြိုတင်မသိနိုင်ပေ။
**အမှန်။** ဆိုင်ရှင်သည် ဝယ်သူများ နှစ်သက်မည်လော၊ မနှစ်သက်မည်**လော**ဟု ကြိုတင်မသိနိုင်ပေ။
**အမှား။** သူတို့ထမင်းစားနေ**တုန်း** ဧည့်သည်ဝင်လာလေသည်။
**အမှန်။** သူတို့ထမင်းစားနေ**စဉ်** ဧည့်သည်ဝင်လာလေသည်။
**အမှား။** သူ့အကြံပျက်သည်။ **ဒီတော့ကာ** သူ စိတ်ပျက်ရလေသည်။
**အမှန်။** သူ့အကြံပျက်သည်။ **သို့ဖြစ်သောကြောင့်** သူစိတ်ပျက်ရလေသည်။
**အမှား။** ငါးဖမ်းသင်္ဘောများသည် **ရှေ့လျှောက်** ရေနက်ထဲသို့ သွားကြတော့မည်။
**အမှန်။** ငါးဖမ်းသင်္ဘောများသည် **ရှေ့အဖို့တွင်** ရေနက်ထဲသို့ သွားကြတော့မည်။
**မှတ်ချက်။** မိန့်ခွန်း၊ ဟောပြောချက်၊ စကားပြောခန်း စသည်တို့တွင်မူ စကားအသုံးအနှုန်းအတိုင်း စာဟန်မရောယှက်ဘဲ ရေးသားနိုင်ပေသည်။

**ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သက်ကြီးစကား သက်ငယ်ကြား (ဂန္ဓာရုံက ဆေးဖက်ဝင်တော့ မလား၊ ပုန်းသောသူများ ပေါ်လိမ့်မည်၊ အစားထိုးခြင်းလောကနှင့် အခြားဆောင်းပါးများ)



စာရေးသူဒေါက်တာအောင်မြင့်၏ သက်ကြီးစကား သက်ငယ်ကြား (ဂန္ဓာရုံက ဆေးဖက်ဝင်တော့ မလား၊ ပုန်းသောသူများ ပေါ်လိမ့်မည်၊ အစားထိုးခြင်းလောကနှင့် အခြားဆောင်းပါးများ) စာအုပ်ထွက်ရှိနေပြီဖြစ်သည်။

အဆိုပါစာအုပ်၌ ဂန္ဓာရုံက ဆေးဖက်ဝင်တော့မှာလား၊ ကမ္ဘာ့အကြားအာရုံနေ့၊ အနီရောင်က mitochondria ကို လှုံ့ဆော်ပေးပြီး သွေးချိုကျစေတယ်၊ မြင်တာတွေရယ် ကြားတာတွေရယ် သိတာတွေရယ်၊ ကိုယ်စိတ် ကျန်းမာရေးက အူထဲက ပိုးတွေနဲ့လဲ ပတ်သက်တယ်၊ သက်ကြီးစကား သက်ငယ်ကြား၊ အပင်တွေရဲ့အဆိပ်တွေကို ကျွန်ုပ်တို့အရသာခံပြီး စားသုံးနေကြတယ်၊ ပုန်းသောသူများ ပေါ်လိမ့်မည် သေသောသူများ ရှင်လိမ့်မည်၊ အရာတိုင်း အနိစ္စမမြဲဘူး၊ သိပ္ပံအတွေးအမြင်တွေလဲ ပြောင်းကြတယ်၊ အနာဂတ်မှာ စက်ရုံကကိုယ်ဝန်ဆောင်ပြီး ကလေး မွေးပေးလာနိုင်မလား၊ ဝလို့လှလား ဝိတ်ချတာ လွယ်သလား၊ အသက်ရှင်နေဖို့ အသေးလေးတွေကို အစားထိုးပြုပြင်နေရတယ်၊ သိပ္ပံပညာရှင်တွေက ဇီရဏာတေဇောကို အတိအကျ ရှာမတွေ့နိုင်သေးဘူးပဲ၊ ချောကလက်အရသာကောင်းစေတာလဲ အချဉ်ဖောက်ခြင်းရဲ့ ကျေးဇူးတဲ့၊ အရေပြားအလှ ကာကွယ်ရေး ကြိုးပမ်းချက်တွေနဲ့ ဆက်စပ်အတွေး စသည့် စိတ်ဝင်စားဖွယ် ဆောင်းပါးခေါင်းစဉ်များပါဝင်သည်။

ယင်းစာအုပ်ကို ကိုလတ်စာပေ၊ အမှတ် (၂၀၀)၊ ၃၁ လမ်း (အပေါ်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၈၈၅၀၂၀၀၆၈၊ ၀၉-၂၆၅၀၂၀၀၆၈၊ ၀၉-၉၆၅၀၂၀၀၆၈ Facebook : Ko Latt Book Shop မှ ဖြန့်ချိထားပြီး တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

## ရသစုံလင် စာဥယျာဉ်



ချို့တဲ့နာမကျန်းစာပေသမားများ၏ ကျန်းမာရေးစရိတ် ပံ့ပိုးထောက်ပံ့ပေးနေသော မျှတူမျှအဖွဲ့၏ ရန်ပုံငွေတိုးပွားစေရန်အလို့ငှာ စာပေသမားများစုပေါင်း၍ ထုတ်ဝေထားခြင်းဖြစ်သည်။

ချို့တဲ့နာမကျန်း စာပေသမားများဟုဆိုရာတွင် တစ်သက်တာ ကာလပတ်လုံး စာပေတောတွင် ပျော်မောခဲ့သော စာသမားအိုကြီးများ၊ စာပေလုပ်ငန်းဖြင့်သာ တစိုက်မတ်မတ် အသက်မွေးရပ်တည်ခဲ့သော သတ်လတ်ပိုင်း စာပေသမားများ၏ ကျန်းမာရေးစရိတ် ထောက်ကူပေးနိုင်ရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်သည်။

မျှတူမျှအဖွဲ့သည် စာပေလောကသားများအတွက် လွန်ခဲ့သော သုံးနှစ်ကတည်းက ကျန်းမာရေးစရိတ်များ ပံ့ပိုးထောက်ပံ့ပေးလျက်ရှိသည်။ စာဖတ်ပရိသတ်များက ရသစုံလင် စာဥယျာဉ်စာအုပ်ကို ဝယ်ယူအားပေးခြင်းသည် စာရေးဆရာ၊ သတင်းစာဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ သရုပ်ဖော်ပန်းချီဆရာ အစရှိသည့် စာပေလောကသားအသီးသီးတို့၏ ကျန်းမာရေးစရိတ်ကို ထောက်ပံ့ပေးခြင်းဖြစ်သည်။

စာအုပ်တွင် မောင်သွေးသစ်၊ အောင်ဇင်မင်း၊ နေခြည်နု (ရေနံချောင်း)တို့၏ ရသဖွဲ့ကဗျာများ၊ ကာတွန်းဝင်းအောင်၊ ကိုရွှေထူး (ပြည်) တို့၏ ကာတွန်းများ၊ ဟိန်းလတ်၊ အောင်သျှန်ဝိုင်း (ကျိုက်မရော) တို့၏ ရသဖွဲ့ဆောင်းပါးများ၊ ကောင်းကျော် (စီးပွားရေးတက္ကသိုလ်) ၏ အက်ဆေး၊ ဆောင်းဝင်းလတ်၏ ရသဖွဲ့ဝတ္ထုရှည်အသစ်တို့ ပါရှိသည်။

စာအုပ်ကို အရဏ်ဦးဂျာနယ်စာပေ၊ ဖုန်း ၀၉ ၄၄၃၀၀၃၂၃၂ မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဝလုံးနေတဲ့ကျောင်း ကလေးကဗျာများ



အမျိုးသားစာပေဆုရ ကဗျာဆရာမ ရွှေမြိုင်ပြုံးလဲ့မော်၏ ဝလုံးနေတဲ့ကျောင်း ကလေးကဗျာများစာအုပ် ထွက်ရှိလာသည်။ အဆိုပါကဗျာစာအုပ်တွင် ကဗျာ ၇၂ ပုဒ်ပါရှိသည်။ ကဗျာတစ်ပုဒ်ချင်းစီကို ရောင်စုံပန်းချီသရုပ်ဖော်ပုံများဖြင့် တန်ဆာဆင်ထားသည်။ ကဗျာလေးများက ရွတ်ဖတ်ရကောင်းသလို သရုပ်ဖော်ပန်းချီလေးများကလည်း လှလှပပရှိလှသည်။ သရုပ်ဖော်ပန်းချီကိုမြင်သည်နှင့်ပင် ကလေးတို့ ကဗျာများကို ဖတ်ချင်စိတ်၊ ရွတ်ချင်စိတ် ပေါ်ပေါက်လာမည်မှာ ဧကန်အမှန်ဖြစ်သည်။ ကဗျာတွင်ဖွဲ့ဆိုထားသော စကားလုံးများကလည်း စကားလုံးကြီးကြီးကျယ်ကျယ်မသုံးဘဲ ပေါ့ပေါ့ပါးပါး ဖွဲ့ဆိုထားသည်မှာ အနုပညာနှင့် အတတ်ပညာကို ဆီလျော်လိုက်ဖက်စွာ ပေါင်းစပ်ဖွဲ့ဆိုထားခြင်းဖြစ်သည်။

ဝလုံးနေတဲ့ကျောင်း ကလေးကဗျာများသည် အကြောင်းအရာစုံလင်လှသည်။ ကလေးများပျော်ရွှင်ရေး၊ စိတ်နှလုံးရွှင်ကြည်လန်းဆန်းရေး၊ ယဉ်ကျေးသိမ်မွေ့ရေး၊ အမိ၊ အဖ၊ ဆရာသမားများကို ချစ်ခင်လေးစားလာစေရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် အနာဂတ်တွင် ထူးချွန်ထက်မြက်သော၊ တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးလိုသော လူချွန်လူမွန်ကလေးများ ပွားများလာစေရေးအတွက်ပါ အထောက်အကူပြုသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း ၀၉ ၇၉၈၁၈၉၁၄၈၊ ၀၉ ၇၇၇၁၃၉၄၇၇ (Viber)၊ အမှတ် (၂၁၉)၊ လမ်း (၄၀) အလယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၂၀၀၀ ဖြင့် ဖြန့်ချိသည်။



## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မဲရုံများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး လိုက်လံစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မဲရုံများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် ယနေ့နံနက်ပိုင်းက လိုက်လံစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မဲရုံပြုလုပ်မည့်နေရာများကို မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးဌာနမှ မဲရုံတာဝန်ထမ်းဆောင်မည့် ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးတင်ထွန်းအောင်နှင့် သန္ဓေတပ်ဖွဲ့ဝင်ငါးဦး၊ အရန်တပ်ဖွဲ့ဝင် သုံးဦးတို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ

## ရေကြောင်း သတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ရွှေစီမံကိန်းရှိ Maintenance ဧရိယာတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC TIEN PHONG ဖြင့် ဆောင်ရွက်သွားမည့် ဧရိယာအကျယ်အဝန်းကို ဖော်ပြသည့် Coordinate များဖြစ်သော ဧရိယာ-၁ Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၈ မိနစ် ၈.၄၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၆ မိနစ် ၄၈.၇၆၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၉ မိနစ် ၆.၂၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၈ မိနစ် ၁၈.၃၃၆ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၃၅.၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၃၇.၆၉၂ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၄.၃၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉.၄၂၈ စက္ကန့်၊ ဧရိယာ-၂ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၃၅.၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၃၇.၆၉၂ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၄.၃၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉.၄၂၈ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၃၆.၈၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၃.၄၀၈ စက္ကန့်နှင့် Point F မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ မိနစ် ၂၀.၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ် ၄၄.၉၂၈ စက္ကန့်နှင့် ဧရိယာ-၃ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၃၅.၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၃၇.၆၉၂ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၄.၃၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉.၄၂၈ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၄.၃၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၃၇.၀၃၂ စက္ကန့်နှင့် Point H မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၃၇.၆၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၀ မိနစ် ၃.၄၅၆ စက္ကန့်တို့အတွင်းတွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရွှေစီမံကိန်းရှိ Maintenance ဧရိယာတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC TIEN PHONG ရေယာဉ်ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ် သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## အမည်ပြောင်း

မကွေးတိုင်း ဒေသကြီး၊ မင်းဘူးမြို့၊ အမှတ် (၁)ရပ်ကွက်၊ ဆည်မြောင်းနေ ဦးအောင်မျိုး [၈/ပခက(နိုင်)၁၉၃၈၈၉]၏ သမီးဖြစ်သူ မရတီမိုးဆက်အား မရတီမိုးစက်ဟု ပြောင်းလဲခေါ်ပါရန်။

**မရတီမိုးစက်**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ လမ်းသွယ်(၄)နေ မသူဇာအောင် [၁၂/ပဇတ(နိုင်)၀၄၀၃၇၃]၏ ဖခင်အမည် ဦးအောင်နိုင် [၁၂/ပဇတ(နိုင်)၀၄၀၃၄၀]နှင့် ဦးအာယုခ်ခါနိသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မသူဇာအောင်**
**[၁၂/ပဇတ(နိုင်)၀၄၀၃၇၃]**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယမင်း[၁၃/လလန(နိုင်)၀၇၇၈၉၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယမင်း [၁၃/လလန(နိုင်) ၀၇၇၈၉၂]နှင့် ဦးဇော်သီဟ [၁၂/စခန(နိုင်) ၀၇၁၀၆၀]တို့သည် (၁၇-၁၁-၂၀၁၇)ရက်နေ့တွင် လက်ထပ်ထိမ်းမြားခဲ့ကြပြီး သမီး(၁)ဦး ထွန်းကားခဲ့ပါသည်။ လက်ထပ်ပွားပစ္စည်းအဖြစ် Lincoln Navigator အမျိုးအစားယာဉ်အမှတ်(5F-5699) အနက်ရောင်တစ်စီးနှင့် Toyota Celsior အမျိုးအစားယာဉ်အမှတ်(2D-1096) စသည်တို့ဖြစ်ထွန်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြထားသော လက်ထပ်ပွားပစ္စည်းများအား ဒေါ်ယမင်း၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း တစ်နည်းနည်းနှင့် လွှဲပြောင်းခြင်းများမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်လတ် BA (Law), LL.B (Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၄၂၈၃)**
**Ph: 09-251107733**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ သကမ-(၁၇)၊ မင်းရဲကျော်စွာ(၂)လမ်း၊ အမှတ်(၁၀၄၉/ခ)၊ အိမ်ခြံ၊ မြေအား တရားဝင်လက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးခင်မောင်ဝင်း [၉/ညဥန(နိုင်) ၁၃၂၄၄၉]ထံမှ ဦးနေဝင်း [၁၂/ဒဂန(နိုင်) ၀၃၂၅၁၆] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လီလီနော်ရစ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၆၆၇)**
**အမှတ် - ၁၉၆၀၊ ကျန်စစ်သားလမ်းမကြီး၊ ရွှေလင်ဗန်း(၂၃)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၇၇၅၇၀၀၉၂၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနလက်အောက်ရှိ ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းအတွင်းရှိ ကံ့ကော်ဆောင် (၁၀ပေx ၁၅ပေ)အကျယ်၊ ဆိုင်ခန်းအမှတ်(၄)အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးစန်းအောင် [၇/ကပက(နိုင်)၀၅၆၈၀၆]သည် (၄-၄-၂၀၁၃) ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်ပါသောကြောင့် အဆိုပါ ဆိုင်ခန်းအမည်ပေါက်အား မြန်မာ့ဓလေ့ထုံးထမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ကွယ်လွန်သူ ဦးစန်းအောင်၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်ထွန်းရင် [၇/ကပက(နိုင်) ၀၁၁၄၁၄]၊ အမည်သို့ အမည်ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါ ဆိုင်ခန်းအား တရားဝင်ဇနီးဖြစ်သူ ဒေါ်ထွန်းရင် [၇/ကပက(နိုင်) ၀၁၁၄၁၄]ထံမှ အိမ်ထောင်စုစာရင်းဝင်တစ်ဦးတည်းသော သားဖြစ်သူ ဦးဝင်းကျော်သူ [၁၂/လမန(နိုင်) ၁၃၁၈၅၈]မှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါ၍ ဒေါ်ထွန်းရင်အမည်မှတစ်ဆင့် ဦးဝင်းကျော်သူ အမည်သို့ ထပ်မံအမည်ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားအပြည့်အစုံဖြင့် ယခုကြေညာပါသည့်ရက်နေ့မှစ၍ (၁၄)ရက်အတွင်း တာမွေမြို့နယ်၊ ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းကွပ်ကဲမှုရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၆၅၁)**
**အမှတ်(၁၁၇)၊ ၄-လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၃၁၃၅၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနလက်အောက်ရှိ ကျိုက္ကဆံယာဉ် အပိုပစ္စည်းရောင်း ဝယ်ရေးစခန်းအတွင်းရှိ (၁၀ပေx ၁၅ပေ)အကျယ်၊ အင်ကြင်းဆောင်၊ ဆိုင်ခန်းအမှတ်(၄)၏ လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရှုကြူ(ခ)ကြည်ကြည်စိန် [၁၂/ပဘတ(နိုင်)၀၂၂၃၄၈] သည် (၁၉-၅-၂၀၁၆)ရက်နေ့တွင် လည်းကောင်း၊ ၎င်း၏တရားဝင်ခင်ပွန်းဖြစ်သူ ဦးကျော်အောင် [၁၂/ပဘတ(နိုင်) ၀၁၉၁၁၂]သည် (၁၃-၁၂-၂၀၁၉) ရက်နေ့တွင် လည်းကောင်း၊ အသီးသီးကွယ်လွန်သွားပြီဖြစ်ပါသဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီး(၂)ဦးသာကျန်ရှိပြီး၊ ၎င်းအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီး (၂)ဦးအနက်မှ သမီးငယ်ဖြစ်သူ ဒေါ်သူဇာတင် [၁၂/ပဘတ(နိုင်)၀၀၁၅၅၈]အမည်သို့ ဆိုင်ခန်းအမည်ပေါက်ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား အပြည့်အစုံဖြင့် တာမွေမြို့နယ်၊ ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း ကွပ်ကဲမှုရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း LL.B,D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၆၅၁)**
**အမှတ်(၁၁၇)၊ ၄-လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၃၁၃၅၂**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ နွယ်သာကီလမ်း၊ နွယ်သာကီအိမ်ရာ၊ တိုက်(B)၊ တိုက်အမှတ်(၆)၊ အခန်းအမှတ်(၆၂၄)၊ (၄ လွှာ)၊ တတိယထပ်ဟုခေါ်တွင်သော (အလျား ၁၁' ၆''x အနံ ၄၅') အကျယ်ရှိ ရေ၊ မီးစုံ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူ **ဦးကျော်မင်းထွန်း** [၇/အတန(နိုင်) ၁၀၁၉၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးဖုန်းမြင့်** [၈/ထလန(နိုင်) ၀၃၇၄၈၉]နှင့် **ဒေါ်အေးအေးခိုင်** [၈/ခမန(နိုင်) ၁၂၉၅၇၅]တို့သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ် (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်လင်းအေး (LL.B)** | **ဒေါ်သီတာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်- ၉၇၃၁/၁၄)** | **(စဉ်- ၁၈၇၉၀/၂၃)** |

**အခန်း- ၃၊ (၇)လွှာ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၇၂၁၈၅၊ ၀၉-၂၅၀၁၆၈၈၇၅**

## (၂၀-၁၂-၂၀၂၅) ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ- ၂၉ ပါ ဦးသန်းမောင်မြင့် [၁၁/မပတ(နိုင်)၀၃၃၁၇၇]၏လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးအောင်နိုင်စိုး၏ "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"နှင့်စပ်လျဉ်း၍ ကန့်ကွက်ကြောင်းနှင့် ယင်းကြေညာချက်ပါ မြေကွက်များနှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်ကြေညာချက်ပါ မြေနေရာတွင် ပိုင်ရှင်ကိုယ်တိုင် ဝယ်ယူပိုင်ဆိုင်လက်ရှိထားနေထိုင်လျက်ရှိကြောင်းနှင့် ယင်းမြေများနှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေမှ (၂၉-၁၀-၂၀၂၅)ရက်နေ့နှင့် (၉-၁၂-၂၀၂၅)ရက်နေ့ ကြေးမုံသတင်းစာများနှင့် (၂၉-၁၀-၂၀၂၅)ရက်နေ့နှင့် (၉-၁၂-၂၀၂၅)ရက်နေ့ မြန်မာ့အလင်းသတင်းစာများဖြင့်လည်း အထက်ကြေညာချက်ပါ မြေနေရာများနှင့်စပ်လျဉ်း၍ ရောင်းမှား၊ ဝယ်မှား မဖြစ်ပေါ်စေရေး အများသိစေရန် ကြေညာချက်များဖြင့် ကြေညာထားရှိခဲ့ပြီးဖြစ်သကဲ့သို့ မြေနေရာ၌လည်း မြေပိုင်ရှင်အနေဖြင့် ဗီနိုင်း (Vinyl)များကပ်၍ ကြေညာထားရှိပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေနေရာများနှင့်စပ်လျဉ်း၍ လွှဲပြောင်းမှုတစ်စုံတစ်ရာ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေ၏ အကျိုးတစ်စုံတစ်ရာ ထိခိုက်နစ်နာမှုများ ရှိလာပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်အေး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်အောင် LL.B, D.B.L, D.I.L, D.M.L**
**(စဉ်-၁၀၃၈၃) (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၄၀၀၂၈၂၊ ၀၉-၄၃၀၆၄၆၄၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သီရိဂုဏ်အိမ်ရာ၊ တိုက်အမှတ် (၃)၊ အခန်းအမှတ် (၁၀၂)ဟု ခေါ်တွင်သည့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စုပေါင်းပိုင်အဆောက်အအုံ ပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ဖြင့် ဦးကြည်လွင် (RGN-019486) [၁/မကန(နိုင်) ၀၉၀၁၃၅] အမည်ပေါက် ပထမထပ်တိုက်ခန်းအား အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်နေထိုင်လျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးသိန်းဝင်း[၁၄/မမန(နိုင်) ၁၄၉၄၁၆]၊ ဒေါ်အိအိဝင်း [၇/တငန(နိုင်) ၁၀၇၁၆၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းဝင်းထက် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၂၇၆)**
**အမှတ် (၄၆)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၀၀၁၁၅၇၆၊ ၀၉-၉၇၆၇၅၆၀၆၂**

## "အိမ်ခြံမြေ"ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးသိန်းဇော်ဝင်း [၁၁/တကန(နိုင်) ၀၀၁၀၁၃၄] သည် **"ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မဟူရာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၅ H)၊ မြေကွက်အမှတ်(၇၀၉)၊ အိမ်အမှတ်-(၅)ဟုခေါ်တွင်သော အကျယ် (၂၀x၄၀)ပေရှိ နှစ်(၆၀) မြေငှားဂရန်မြေ အမျိုးအစား မြေကွက် (၁)ကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"**တိုအား တရားဝင် ပိုင်ဆိုင်သူများဖြစ်သော "ဦးသန်းမြင့် [၁၂/ဗဟန(နိုင်)၀၈၀၀၂၈]၊ ဦးဌေးမြင့် [၁၂/ဗဟန(နိုင်)၀၈၀၀၂၉]၊ ဒေါ်ရီရီမြင့် [၁၂/ဗဟန(နိုင်)၀၆၈၅၆၂]၊ ဒေါ်ခင်နှင်းရီ [၁၂/ဗဟန(နိုင်)၀၈၀၀၄၈]၊ ဦးမြင့်လွင် [၁၂/ဗဟန(နိုင်)၀၈၄၈၄၆]"တို့ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဥ္ဇာသိန်း(LL.B)(စဉ်- ၁၄၅၉၈) ဒေါ်ပွင့်သူဇာ(LL.B)(စဉ်- ၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.လ.က (၂) ဇီးဖြူသောင်၊ Grade(9)မှ မောင်ကောင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုး [၁၄/ဒဒရ (နိုင်) ၁၂၆၁၃၁] ဖြစ်ပါကြောင်း။

**ဦးအောင်မျိုး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.လ.က(၂) ဇီးဖြူသောင်၊ Grade(8)မှ မောင်ဝင်းကျော်ထွဋ်၏ ဖခင်အမည်မှန်မှာ ဦးလှဝင်းအောင် [၁၀/ရမန (နိုင်) ၁၇၀၅၇၅] ဖြစ်ပါကြောင်း။ **ဦးလှဝင်းအောင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.လ.က(၂) ဇီးဖြူသောင်၊ Grade (2)မှ မောင်ရှိုင်းခန့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ဝင်း [၁၀/ရမန (နိုင်) ၁၄၆၁၉၃] ဖြစ်ပါကြောင်း။ **ဦးဇော်ဇော်ဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ ရွှေသွေးလမ်း၊ မြေကွက်အမှတ်(၄၈၀/ခ)၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ ဧရိယာ(၀.၀၂၇၅)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်ယိုအီဟုတ်(ခ)ဒေါ်အေးအေးရီ [၁၂/လမန(နိုင်)၁၂၃၇၃၁]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်စုလှိုင်ကျော် [၁၂/တမန(နိုင်)၁၀၈၂၈၆]**မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည် (LL.B)** | **ဒေါ်ပန်းသဇင်ကျော် (LL.B)** | **ဒေါ်သက်ထားခိုင် (LL.B)** |
| **(စဉ်- ၁၁၄၀၆)** | **(စဉ်- ၅၆၈၂၃)** | **(စဉ်- ၅၆၈၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)** | |
| | **(စဉ်- ၅၆၆၆၂)** | |
| | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၁၁၄၆၅၄၊**

## (၂၃-၁၂-၂၀၂၅)နေ့ထုတ်ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၀)ပါ တရားလွှတ်တော်ရှေ့နေ ဦးလှချို၊ ဒေါ်မာမာသိန်း၊ ဒေါ်ဝင်းထက်ထက်စံနှင့် အထက်တန်းရှေ့နေ ဦးထွန်းသူအောင်တို့၏ ကန့်ကွက်ကြောင်းကြေညာချက်အပေါ် အများသိစေရန် အမှန်အတိုင်းရှင်းလင်းခြင်း

ဒေါ်ချိုချိုမြင့်[၁၂/ပဘတ(နိုင်)၀၀၃၁၉၄]၊ အမှတ်(၆၈/၄)၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဖြစ်စဉ်အမှန်ကို အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်-

ကွယ်လွန်သူ ဦးမာမက်အီစွတ်(ခ)ဦးသိန်းမြင့် [၁၂/ပဘတ(နိုင်)၀၁၁၄၀၇]သည် ဒေါ်ရာဘီယာဘီ [၁၂/ပဘတ(နိုင်)၀၂၄၆၂၁]နှင့်ပေါင်းသင်း၍ သားသမီးများအဖြစ် **၁။ ဒေါ်ချိုချိုမြင့်၊ ၂။ ဦးသိန်းဦး[၁၂/ပဘတ(နိုင်)၀၀၃၁၉၅]၊ ၃။ ဦးသိန်းထွန်း၊ (ယခုကွယ်လွန်) ကန့်ကွက်သူ ဒေါ်အေးသန္တာထွန်း၏ခင်ပွန်း၊ ၄။ ဦးသိန်းချို [၁၂/လသန(နိုင်)၀၁၉၃၅၇]၊ ၅။ ဒေါ်ကေသီမြင့် [၁၂/လသန(နိုင်)၀၁၉၃၅၈]၊ ၆။ ဦးဇော်မျိုးသိန်း[၁၂/လသန(နိုင်)၀၂၃၃၄]၊ ၇။ မောင်သိန်းထွေး[၁၂/လသန(နိုင်)၀၂၃၁၀၉]** စုစုပေါင်း သားသမီး(၇)ဦး ထွန်းကားခဲ့ပါသည်။

ဦးသိန်းမြင့် သက်ရှိထင်ရှားရှိသောအချိန်က ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်-၇၉၊ မြေညီထပ်၊ (၁၆ပေx ၆၀ပေ)အကျယ် တိုက်ခန်းတစ်ခန်းနှင့် အမှတ်- ၇၇၊ မြေညီထပ်၊ (၂၅ပေx ၆၀ပေ) အကျယ် တိုက်ခန်းများကို အဆောက်အဦအဟောင်းရှိစဉ်ကတည်းကပိုင်ဆိုင်ခဲ့ပြီး အမှတ်-၇၇၊ မြေညီထပ်သည် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနနှင့်ပတ်သက်ပြီး အမှတ်- ၇၉၊ မြေညီထပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ပတ်သက်သော အခန်းများဖြစ်ခဲ့ရာ အဆောက်အဦအသစ်ဆောက်သည့်အခါ၌ ဖခင် ဦးသိန်းမြင့်အနေဖြင့် အမှတ်- ၇၉၊ မြေညီထပ်အခန်းကို သားဖြစ်သူ ဦးသိန်းထွန်းအား အမည်ခံအဖြစ်ထားရှိခဲ့ပါသည်။

ဦးသိန်းထွန်း ကွယ်လွန်ခြင်းမပြုမီ (၂၁-၃-၂၀၁၈)ရက်စွဲပါစာချုပ်ကို ချုပ်ဆိုကာ ဦးသိန်းထွန်းကို အမည်ခံအဖြစ်ထားရှိသော အမှတ်- ၇၉၊ မြေညီထပ်၊ (၁၆ပေx ၆၀ပေ)အကျယ် တိုက်ခန်းအား ရောင်းချခြင်းအတွက် (၂၈-၁၁-၂၀၂၅)နေ့ တရားလွှတ်တော်ရှေ့နေမှ ဒေါ်ပါးပါးနီ ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်ပါ တိုက်ခန်းကို ဦးသိန်းမြင့်၏ဇနီး ဒေါ်ရာဘီယာဘီ၊ သား ဦးသိန်းဦး၊ သား ဦးသိန်းထွန်း(ကွယ်လွန်)၊ (ဒေါ်အေးသန္တာထွန်း၏ခင်ပွန်း)၊ ဦးသိန်းချိုတို့က သက်သေအဖြစ် လက်မှတ်ရေးထိုးထားကြသဖြင့် ဦးသိန်းထွန်းကိုယ်တိုင် မိမိက အမည်ခံထားရှိသောတိုက်ခန်းအား ဖခင်၏ပေးအပ်ခြင်းအပေါ် ကန့်ကွက်ရန်မရှိ အကြွင်းမဲ့သဘောတူလက်ခံခဲ့ပြီးဖြစ်သော တိုက်ခန်းဖြစ်ပါသည်။

ကန့်ကွက်သူ ဒေါ်အေးသန္တာထွန်းကို ဦးသိန်းမြင့် ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်ရာဘီယာဘီက ဦးသိန်းမြင့်အမည်ဖြင့် ရှိခဲ့သော အထက်ဖော်ပြပါ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနနှင့်ဆိုင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးကို (၄-၉-၂၀၂၃)ရက်စွဲပါ မေတ္တာဖြင့်အပိုင် လွှဲပြောင်းပေးအပ်ခြင်းကတိစာချုပ်အရ ပိုမိုကျယ်ဝန်းသော (၂၅ပေx ၆၀ပေ)အကျယ် တိုက်ခန်းကို ပေးအပ်ခဲ့ပြီး ဒေါ်အေးသန္တာထွန်းက ရောင်းချခဲ့ပြီးဖြစ်ပါသည်။

(၄-၉-၂၀၂၃)နေ့မှာပင် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်- ၆ ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၇၃၊ ၇၇)၊ ပထမထပ်၊ (၂၅ပေx ၆၀ပေ)အကျယ် လူနေတိုက်ခန်းကို အမည်ပေါက်ပိုင်ရှင် ဦးသိန်းချို (ဦးသိန်းမြင့်၏သား) [၁၂/လသန(နိုင်)၀၁၉၃၅၇]က မေတ္တာဖြင့် တိုက်ခန်းအပိုင်လွှဲပြောင်းပေးအပ်ခြင်းကတိစာချုပ်ကို ချုပ်ဆိုကာ ဒေါ်အေးသန္တာထွန်းနှင့် သား မောင်သိန်းထိုက်ထွန်း [၁၂/ပဘတ(နိုင်)၀၃၉၃၉၃] တို့အား အပိုင်ပေးခဲ့ရာ ဒေါ်အေးသန္တာထွန်းက ရောင်းချ၍ တိုက်ခန်းမှ ဖယ်ရှားထွက်ခွာပြီးဖြစ်ပါသည်။ ဦးသိန်းမြင့်၊ ဒေါ်ရာဘီယာဘီတို့ပိုင် မော်တော်ယာဉ်အမှတ်- ၆ခ/၂၀၉၈ Toyota Lancruiser မော်တော်ကား (၁)စီး၊ အမှတ်(၈၅)အီးရုံ၊ သိမ်ကြီးဈေးရှိ ဆိုင်ခန်း(၁)ခန်းတို့ကို ပေးခဲ့ရာတွင်လည်း ဒေါ်အေးသန္တာထွန်းအား ရောင်းချခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ (၄-၉-၂၀၂၃)ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးခြင်းစာချုပ် (၂)စောင်လုံးကို တရားလွှတ်တော်ရှေ့နေ ဦးစိုးဝင်း၊ (မအူပင်)လိုင်စင်အမှတ်- ၄၁၇၈ /၉-၇-၁၉၈၇ က လက်မှတ်ရေးထိုးပေးခဲ့ပါသည်။ ဦးသိန်းထွန်း ကွယ်လွန်ခြင်းမပြုမီကပင် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချိုချိုမြင့်ထံ အပြီးအပိုင်လွှဲအပ်ခဲ့ပြီးသော ဒေါ်ချိုချိုမြင့်လက်ဝယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ဇနီးဖြစ်သူ ဒေါ်အေးသန္တာထွန်းက ခင်ပွန်းကို အကြောင်းပြု၍ ကန့်ကွက်ရန်အခွင့်အရေးတစ်စုံတစ်ရာမရှိတော့ပါကြောင်း၊ ဝယ်သူဘက်က ကြေညာရာတွင် (၇)ရက်အတွင်းဟုပါရှိသော်လည်း ကန့်ကွက်သူသည် (၇)ရက်ကျော်မှ ကန့်ကွက်ခြင်းဖြစ်နေပါသည်။ ဦးသိန်းမြင့်နှင့်မိသားစုဝင်တို့အား တန်ဖိုးကြီးမြင့်သော တိုက်ခန်း(၂)ခန်းအပြင် မော်တော်ယာဉ်နှင့် အီးရုံဆိုင်ခန်းတို့ကို အပြီးအပိုင်လွှဲအပ်ခဲ့ပြီးဖြစ်၍ အကြောင်းစုံကိုသိရှိပြီးဖြစ်ပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုပါသည်။ လိုက်နာခြင်းမရှိပါက ဦးသိန်းထွန်းကိုယ်တိုင် သက်သေအဖြစ် လက်မှတ်ရေးထိုးထားသော စာချုပ်ပါအကြောင်းအရာကို လက်မှတ်ရေးထိုးထားသော စာချုပ်အကြောင်းအရာကိုမူတည်၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဟု ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းဌေး** | **ဦးစိန်မြင့်** | **ဦးရွှေ** |
| **(စဉ်- ၁၅၄၅၈)** | **(စဉ်- ၁၀၉၁၆)** | **(စဉ်- ၅၅၉၉၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁၈-၃၇၇၄၀၆**

❖ ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင်တည့်မတ်ပေးရေးသည် ဆရာ ဆရာမများ၏ တာဝန်ပင်ဖြစ်...

❖ မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသား ဆရာ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီး ကျရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးထား မှာကြားလို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျ ဆက်လက်မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။


ယနေ့ ဖတ်စရာ

ရန်ကုန်မြို့၌ ဆန်အကြောင်းသိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ
စာမျက်နှာ » ၁၀

မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်း တရုတ်-တောင်အာရှနှင့် အရှေ့တောင်အာရှ ပြည်သူ့လူမှုရေးအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး မဟာမိတ်အဖွဲ့အစည်းအဝေးကျင်းပ
စာမျက်နှာ » ၁၁

ဂျပန်အစိုးရက နိုင်ငံခြားသား အလုပ်သမား ၁ ဒသမ ၂၃ သန်းကျော်ကို ၂၀၂၉ ခုနှစ် မတ်လကုန်အထိ လက်ခံရန် ဆုံးဖြတ်
စာမျက်နှာ » ၁၃

ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ် ၃၅၇၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၁၄ ကီလိုကျော် သိမ်းဆည်းရမိ
စာမျက်နှာ » ၁၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသူများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုမှ ပြစ်မှုကျူးလွန်သူ နှစ်ဦး သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ
စာမျက်နှာ » ၁၅


## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉)ပြီးဆုံး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း သုံးမှတ်ဖြတ်ဦးဆောင်

ရန်ကုန် ဒီဇင်ဘာ ၂၅

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉)ကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်ပြီး ဇယားထိပ်ဆုံးတွင် သုံးမှတ်ဖြတ် ဦးဆောင်နိုင်ခဲ့သည်။

ပွဲစဉ်(၉)တွင် ရှမ်းယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ရခိုင်ယူနိုက်တက်အသင်းက ရာမည‌ယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုး၊ ရတနာပုံအသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး-တစ်ဂိုး၊ ဒဂုံစတားယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုး၊ မဟာယူနိုက်တက်အသင်းက Dagon Port အသင်းကို

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ○



ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ပွဲပြီးခါနီးတွင် မတ်ခ်ဆာကီ ခေါင်းတိုက်သွင်းယူလိုက်စဉ်။